www.burmeseclassic.com

# (၉) ဦးမြောက်
# နိုင်ငံတော်သမ္မတ ဦးထင်ကျော်
# (သို့မဟုတ်)
# ပင်ဖြူတိုက်ပုံသင်္ကေတ သံမဏိစိတ်ဓါတ်ပိုင်ရှင်



နေစိုးထက်

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**
၂၀၁၆ ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ် (၁၀၀၀)

**အဖုံးဖလင်**
**အဖုံးဒီဇိုင်း – "ဆုမွန်"**

**တန်ဖိုး (၅၀၀)ကျပ်**

**ထုတ်ဝေသူ**
ဦးဟန်စိန် (မြဲ ၀၁၀၃၅)
အခန်း(၄၀၁/၂၆)၊ ၁၂–လမ်း၊ (၉၄)ရပ်ကွက်၊
ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ရန်ကုန်မြို့။

**အဖုံး/အတွင်း ပုံနှိပ်သူ**
ဦးဝင်းအောင် (Main ပုံနှိပ်တိုက်) (မြဲ ၀၁၁၁၉)
အမှတ်–၁၉၁၊ ၃၉–လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း (CIP)**

နေစိုးထက် 294.3
နိုင်ငံတော်သမ္မတဦးထင်ကျော် (သို့မဟုတ်)
ဖျင်ဖြူတိုက်ပုံသင်္ကေတ သံမဏိစိတ်ဓာတ်ပိုင်ရှင်
ဖိုးရာဇာစာပေ၊ ၂၀၁၆၊ ရန်ကုန်။
၁၆၀–စ၁၊ ၁၂ x ၁၈ စင်တီ။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# နိုင်ငံတော်သမ္မတဦးထင်ကျော်
## (သို့မဟုတ်)
## ဖျင်ဖြူတိုက်ပုံသင်္ကေတ သံမဏိစိတ်ဓာတ်ပိုင်ရှင်

နေမိုးထက်

*

ဖြန့်ချိရေး
ဖိုးရာဇာ စာအုပ်တိုက်
အမှတ်–၂၇၁၊ လမ်း (၄၀) အထက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉၄၃၀၆၇၇၈၆

www.burmeseclassic.com

www.burmeseclassic.com



- ရတနာမြတ်သုံးပါး
  အနန္တောအနန္တ ငါးပါး
  ဦးထိပ်ထား၍
- ဘဝတစ်ကွေ့ တွေ့ခဲ့ရသည့်
- ထမင်းတစ်နပ် ကျွေးခဲ့ဖူးသူ
- ရေတစ်မှုတ် တိုက်ခဲ့ဖူးသူ
- စကားတစ်ခွန်း ညွှန်းဆိုခဲ့ဖူးသူ

နှင့်

"ချစ်သူ၊ မုန်းသူ"

တို့အား

ထာဝရဂါရဝဖြင့်

နေစိုးထက်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ

နိုင်ငံတော်သမ္မတဦးထင်ကျော်
အမှတ်တရများ ၎

၁။ ဒုတိယသမ္မတလောင်းများရွေးချယ်ခြင်း ၉

၂။ (၉)ဦးမြောက်
နိုင်ငံတော်သမ္မတဦးထင်ကျော်
(ကိုယ်ရေးအကျဉ်း) ၁၅

၃။ သမ္မတကတော် ဒေါ်စုစုလွင်
(ကိုယ်ရေးအကျဉ်း) ၁၉

၄။ သမ္မတဦးထင်ကျော်ဖခင်
စာဆို မင်းသုဝဏ်၊ စာပေနှင့်
ဘဝဖြစ်စဉ်မှတ်တမ်း ၂၃

၅။ သမ္မတဦးထင်ကျော်၏ လွှတ်တော်မိန့်ခွန်း ၆၅

၆။ ပြည်ထောင်စုဝန်ကြီးသစ်များ၏
(ကိုယ်ရေးအကျဉ်း) ၉၁

www.burmeseclassic.com

www.burmeseclassic.com




၇။ ကတိသစ္စာခံယူခြင်းနှင့် သမ္မတအာဏာ
လွှဲပြောင်းခြင်းပုံရိပ်(ခတ်ပုံမှတ်တမ်း) ၉၅

၈။ နိုင်ငံတော်သမ္မတဦးထင်ကျော်(မိန့်ခွန်း) ၉၇

၉။ နိုင်ငံတကာကြီးအကဲများထံမှ
ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ၁၀၁

၁၀။ သမ္မတတာဝန်ပေးအပ်ခြင်း အခမ်းအနား ၁၀၃

၁၁။ ဂျပန်နိုင်ငံကဂုဏ်ပြု ၁၀၆

၁၂။ ဘဘ၏စမ်းမြရီ(ဒလဘန်း)
(ကောက်နုတ်ချက်) ၁၀၈

၁၃။ နည်းပညာရှင်တို့၏ မျှော်လင့်ချက် ၁၂၀

၁၄။ သမ္မတကြီးကို ယုံကြည်သူများ ၁၃၂

၁၅။ သမ္မတကြီးခေတ် ဖြစ်ပါစေ ၁၄၃

၁၆။ သမ္မတ အစိုးရသစ်နှင့် ရခိုင်ရှေ့ရေး ၁၄၉

၁၇။ ခွပ်ဒေါင်းခေတ်ဆိုရင် ၁၅၆


၀

www.burmeseclassic.com

www.burmeseclassic.com



# လူ့တန်ဖိုး

လူတစ်ယောက်ရဲ့ တန်ဖိုးဆိုတာ ...
အဲဒီလူ အသက်ရှင်ထင်ရှား ရှိစဉ်မှာ
ဘယ်လောက်ထိ အကျိုးပြုခဲ့တယ်
လုပ်ခဲ့တယ် ဆိုတဲ့
စံပေတံနဲ့ တိုင်းတာရတယ်။

ပြည်သူ့စာရေးဆရာကြီး
ဗန်းမော်တင်အောင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယသမ္မတလောင်းများ ရွေးချယ်ခြင်း

ရွေးကောက်ပွဲအောင်နိုင်ခဲ့သည့် ပါတီသည် NLD ပါတီ အောင်နိုင်ပြီး၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အုပ်ချုပ်ရမည့် ကာလအတွင်း နိုင်ငံတော်၏အုပ်ချုပ်ရေးအား ရယူနိုင်ရန် သမ္မတ ရွေးချယ်ရသည်မှာ အစဉ်အလာဖြစ်သည်။

ဒီချုပ်ပါတီသည်လည်း ရွေးကောက်ပွဲ အနိုင်ရခဲ့သဖြင့် လွှတ်တော်မှ အစဉ်အလာအတိုင်း သမ္မတလောင်း အမည်စာရင်း များ တင်သွင်းကြ၏။

ယင်းသို့ အမည်စာရင်း တင်သွင်းရာတွင် ပြည်သူ့လွှတ် တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်မှ တင်သွင်းကြရာ ပြည်သူ့ လွှတ်တော်မှ သမ္မတလောင်းအဖြစ် ဦးထင်ကျော်နှင့် ဒေါက်တာ နိုင်းမောက်ခမ်း(ယခင် ဒုတိယသမ္မတ)တို့အား လည်းကောင်း၊ အမျိုးသားလွှတ်တော်မှ ဦးဟင်နရီဗန်ထီးယူ၊ ဦးခင်အောင်မြင့် (အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ)တို့အားလည်းကောင်း သမ္မတ လောင်းအဖြစ် ရွေးချယ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပြည်သူအများစုက ဒေါက်တာစိုင်းမောက်ခမ်း (ယခင် ဒုတိယသမ္မတ–၁)နှင့် ဦးခင်အောင်မြင့် (အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ)တို့ မရနိုင်ဟု ဆိုကြသကဲ့သို့ ရှုံးနိမ့်ခဲ့၏။

ဒီချုပ်အမတ်များစွာ နေရာယူထားသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အမတ်အများစု ထောက်ခံမဲဖြင့် "ဦးထင်ကျော်"နှင့် "ဦးဟင်နရီဗန်ထီး"တို့ ရွေးချယ်ခံခဲ့ရ၏။ (ထိုနှစ်ဦးသည် ကိုယ်စားပြုသူများပင်။)

ထို့အတူ လွှတ်တော်နှစ်ရပ်မှ တပ်မတော်သား ကိုယ်စားလှယ်အစုအဖွဲ့မှ ဒု–သမ္မတတစ်ဦး ရွေးချယ်ရာ ဦးမြင့်ဆွေ (ယခင် ရန်ကုန်တိုင်းဝန်ကြီးချုပ်)၊ ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား)အား ရွေးချယ်နိုင်ခဲ့သဖြင့် ဒုတိယသမ္မတလောင်း(၃)ဦး ရွေးချယ်နိုင်ခဲ့ပြီ။

ယင်းတို့ကား…

(၁) ဦးထင်ကျော် (ဒီချုပ်)

(၂) ဦးဟင်နရီဗန်ထီးယူ (ဒီချုပ်)

(၃) ဦးမြင့်ဆွေ (တပ်မတော်အစုအဖွဲ့)

စသည်တို့ ဖြစ်သည်။

သူတို့(၃)ဦးမှ တစ်ဦးသည် မြန်မာနိုင်ငံ၏ သမ္မတဖြစ်လာမည့်သူဖြစ်၏။ ထိုသူက မြန်မာနိုင်ငံ၏ (၉)ဦးမြောက်သမ္မတဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးထင်ကျော်သည် ၁၉၄၆ ခုနှစ် ဇူလိုင်လ (၂၀)ရက်နေ့တွင် ကွမ်းခြံကုန်းမြို့နယ်မှာ မွေးဖွားပြီး ငယ်စဉ်က ရန်ကုန်မြို့၊ ဒဂုံအထက(၁)တွင် ဒေါ်အေဲာင်ဆန်းစုကြည်နှင့်ကျောင်းနေဖက်ဖြစ်ကြောင်း သိရ၏။

○



www.burmeseclassic.com

www.burmeseclassic.com



(၉)ဦးမြောက် နိုင်ငံတော်သမ္မတ
ဦးထင်ကျော်



ဦးထင်ကျော် (၁၉၄၆- )
ပြည်ထောင်စုမြန်မာနိုင်ငံ၏ နဝမမြောက် သမ္မတ

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| မွေးရက် | – ၁၉၄၆ ခုနှစ် ဇူလိုင်လ ၂၀ ရက်။ |
| မွေးဇာတိ | – ကွမ်းခြံကုန်းမြို့နယ်။ |
| လူမျိုး | – မွန်၊ မြန်မာ |
| ဘာသာ | – ဗုဒ္ဓဘာသာ |
| နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်သည့်နေ့ | – ၃၀–၃–၂၀၁၆။ |

○

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## (၉)ဦးပြောက် သမ္မတ ဦးထင်ကျော်

ဦးထင်ကျော်သည် ယခင်က ပြည်သူများအကြား ရင်းနှီးထင်ရှားသူတစ်ဦး မဟုတ်ခဲ့။ သမ္မတအဖြစ် အမည်တင်သွင်းခံရမှ လူသိများခဲ့သူဖြစ်၏။

ဦးထင်ကျော်သည် ကဗျာစာဆိုလည်းဖြစ် ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲ၌ NLD ပါတီ၏ ကမာရွတ်မြို့နယ် ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဆရာကြီးမင်းသုဝဏ်၏သားဖြစ်၏။

NLD ပါတီ၏ ထိပ်တန်းခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သည့် "ဦးလွင်"၏သမီး ဒေါ်စုစုလွင် (လက်ရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၏ ခင်ပွန်းဖြစ်၏။

သမ္မတဦးထင်ကျော်နှင့် ပတ်သက်၍ ဒီချုပ်အသိုင်းအဝိုင်း၏ သတင်းထုတ်ပြန်ချက်အရ ၁၉၆၂–၆၃ ရန်ကုန်တက္ကသိုလ်၊ ၁၉၆၆–၆၇ စီးပွားရေးပညာတွဲ (B.Eco)၊ ၁၉၆၈ ခုနှစ်၌ M.Eco (Part-2) တက်ရောက်စဉ် တက္ကသိုလ်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၀ တွင် University Computer Centre သို့ Programmer/ Analyst ရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၄–၇၅ တွင် M.Sc Computer Science (R ASU) ဘွဲ့ ရရှိသည်။

သမ္မတဦးထင်ကျော်၏ ဝန်ထမ်းဘဝ ဖြတ်သန်းမှုအဖြစ် ၁၉၇၅ ခုနှစ်တွင် အကြီးစားစက်မှုလုပ်ငန်း ဌာနခွဲမှူး၊ ၁၉၈၁–၁၉၉၂ ခုနှစ်တွင် နိုင်ငံခြားဆက်သွယ်ရေးဦးစီးဌာန (FRED)၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ဒုတိယညွှန်ကြားရေးမှူး တာဝန်မှ နုတ်ထွက်ခဲ့သည်။

၁၉၇၁–၇၂ ခုနှစ်တွင် လန်ဒန်စက်မှုတက္ကသိုလ်၌ Computer Science သင်ကြားခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ တိုကျို၌ Asia Electronic Science ကို လည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုရှိ Authur Delitte, Management, Education Institute, Combridge Marsachiasetts. တွင်လည်းကောင်း ပညာသင်ကြားခဲ့သည်။

သူသည် တိုတောင်းလှသော တက္ကသိုလ်နည်းပြ ဘဝတွင် ပင်ဖြူတိုက်ပုံ အမြဲဝတ်သူ။

ထို့အတူ သမ္မတဦးထင်ကျော်သည် ဖခင်ဖြစ်သူ၏ အနုပညာဗီဇပေါ်သူပီပီ၊ "ဒလဘန်း"ကလောင်အမည်ဖြင့် ဆရာကြီးမင်းသုဝဏ်၏ ဘဝဇာတ်ကြောင်းဖြစ်သည့် "အဘ ဘဝ အဘအကြောင်း" စာအုပ်အား ရေးသားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၀ ရွေးကောက်ပွဲအပြီး ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ချိန် လူထုနှင့် ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားစဉ် ဒေါ်အောင်ဆန်းစုကြည် ဘေး၌ရှိနေခဲ့သူ ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ကာလရှည်ကြာ ယုံကြည်ခဲ့သူလည်း ဖြစ်၏။ ဦးထင်ကျော်သည် ဖိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း စတင်တည်ထောင်စဉ်မှစ၍ အလုပ်အမှုဆောင်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

တစ်ပါးသူအား ကူညီလိုစိတ်ရှိသူလည်း ဖြစ်၏။ ဦးထင်ကျော်နှင့် ပတ်သက်၍ သူသည် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း၌ ဆွေ့လျော်သူ၊ အောင်ဆန်းစုကြည်၏ ငယ်သူငယ်ချင်း၊ သစ္စာရှိ လူယုံဟု ဝေဖန်သံတွေ ကြားရ၏။

သူက နိုင်ငံ့ဦးသျှောင်နေရာ ယူရမည့်သူ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ညွှန်ကြားရေးမှူး အများစု ပါဝင်သည့် ကာ/လုံတွင် ထိပ်ဆုံးစားပွဲမှ ထိုင်ရမည့်သူ။

ဒေါ်အောင်ဆန်းစုကြည်၏ မူဝါဒများကို အစိုးရအဖွဲ့ အလယ်သို့ ယူဆောင်သွားရမည့်သူ။

သူက မြန်မာနိုင်ငံ၏ ကိုးဦးမြောက် သမ္မတ ဦးထင်ကျော်။ အရှပ်လား၊ အချောင်လား၊ အရိပ်လား၊ ပြည်သူ့ကိုယ်စား ကိုး ဖြားလားဟု စောင့်ကြည့်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ပြည်သူ့အောင်ပွဲဟု သူ ကြွေးကြော်ခဲ့သလို ပြည်သူတို့ အောင်ပွဲခံနိုင်အောင် သူ စွမ်းဆောင်နိုင်မည်လား။

ပြည်သူအများ စောင့်ကြည့်နေကြသည်ကို သူ သိရမည်။ သူက စာပေသမားပီပီ ပြည်သူ့အတွက် တာဝန်သိသူ သစ္စာရှိသူ ဖြစ်ပါစေဟု...။

○



www.burmeseclassic.com

www.burmeseclassic.com



သမ္မတကတော် ဒေါ်စုစုလွင်၏
ကိုယ်ရေးမှတ်တမ်း



၁၉၁၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်၊ အင်္ဂါနေ့တွင် ရန်ကုန်မြို့ ... မွေးဖွားသည်။
ဦးလွင် + ဒေါ်တင်မမလေးတို့၏ သားသမီးနှစ်ဦးအနက် ... ကြီးဖြစ်သည်။

ဖိုးရာဇာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်က မက်သဒစ် အင်္ဂလိပ် အထက်တန်းကျောင်း၊ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့၊ Rador Elementary School၊ အထက(၃)မော်လမြိုင်၊ အထက(၂)ကမာရွတ် တို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် အခြေခံပညာအထက်တန်း အောင်မြင်သည်။

၁၉၇၃ ခုနှစ်တွင် ဦးထင်ကျော်နှင့် လက်ထပ်ခဲ့သည်။

၁၉၇၆ ခုနှစ်တွင် ပညာရေးတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကို အင်္ဂလိပ်စာ အဓိကဖြင့် ရရှိသည်။

ရန်ကုန်တက္ကသိုလ် နည်းပြ၊ လက်ထောက်ကထိက၊ ကထိကရာထူးတို့ဖြင့် ပညာရေးသုတေသနအဖွဲ့တွင် ၁၃ နှစ်တိုင် တွဲဖက်တာဝန် ထမ်းဆောင်ခဲ့သည်။

အခြေခံပညာ အထက်တန်းများအတွက် အင်္ဂလိပ်စာသင်ရိုးနှင့် ဖတ်စာအုပ်များ ရေးသားပြုစုခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားကျောင်းသင်ခန်းစာများ ပို့ချခြင်း အပြင် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဂုဏ်ထူးတန်းနှင့် မဟာဝိဇ္ဇာသင်တန်းတို့၌ ဘာသာဗေဒပညာရပ်ကို သင်ကြားပို့ချခဲ့သည်။

၁၉၈၆ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၊ ဆန်ဒနီတက္ကသိုလ်၌ သင်ခန်းစာ ရေးသားခြင်းဆိုင်ရာ ဘွဲ့လွန်သင်တန်း တက်ရောက်ခဲ့သည်။

၁၉၈၉ ခုနှစ်တွင် တက္ကသိုလ် ကထိကရာထူးမှ နုတ်ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၈၉ ခုနှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်း ဖွင့်လှစ်ခဲ့သည့် သင်တန်းများအနက် အင်္ဂလိပ်ဘာသာသင်တန်းများ ပို့ချခဲ့သည်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်း၊ သုံးခွမဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခဲ့သည့် ဖခင် ဦးလွင်၊ ထမာရွတ်မဲဆန္ဒနယ်မှ ဝင်ရောက် ယှဉ်ပြိုင် အရွေးခံခဲ့သည့် ယောက္ခမဖြစ်သူ ဦးဝန်(မင်းသုဝဏ်)တို့၏ ရွေးကောက်ပွဲဆိုင်ရာကိစ္စများတွင် ဝိုင်းဝန်းကူညီခဲ့သည်။

၁၉၉၀ ပြည့်နှစ်မှစ၍ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)တွင် ပညာရေးစီမံကိန်းအရာရှိတာဝန်၊ လူ့အခွင့်အရေး အခြေပြု စီမံကိန်းရေးဆွဲခြင်း (Rights based programming trainer) တာဝန်တို့ကို ယူခဲ့ပါသည်။

UNICEF တာဝန် ထမ်းဆောင်စဉ် အပြည်ပြည်ဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲများ၊ သင်တန်းများ စသည်တို့ကို ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မော်ရိုကို စသည့် နိုင်ငံတို့တွင် တက်ရောက်ခဲ့သည်။

၁၉၉၉ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်ထိ သုံးခွမြို့နယ်တွင် ကျောင်းနေအရွယ်အားလုံး ကျောင်းနေစီမံကိန်းနှင့် စဉ်ဆက်မပြတ် အကဲဖြတ် အတန်းတင် စီမံရေးအရာရှိ (UNICEF)အဖြစ် တာဝန်ထမ်းရွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



UNICEF တာဝန်ကို ၁၅ နှစ်ကြာ ထမ်းဆောင်ပြီးနောက် ၂၀၀၅ ခုနှစ်တွင် မိမိဆန္ဒအလျောက် နုတ်ထွက်ခဲ့သည်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ သုံးခွမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ အရွေးခံခဲ့ရသည်။

ဘုန်းတော်ကြီးသင် ပညာရေးလုပ်ငန်းများနှင့် "အမေ့အိမ်" အခမဲ့ ပညာဒါနကျောင်းမှ စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမများ အတွက် ကလေးဗဟိုပြု ချဉ်းကပ်သင်ကြားနည်းများ ပို့ချဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ သုံးခွမြို့နယ် ပြည်သူ့တော်လွှတ်မဲဆန္ဒနယ်မှ နောက်တစ်ကြိမ် ထပ်မံအရွေးခံ ရသည်။

သုံးခွမြို့နယ်၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ဆန္ဒမဲ ၄၉,၆၁၆ ရရှိခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတကာ ဆက်သွယ်ရေးကော်မတီဥက္ကဋ္ဌ အဖြစ် တာဝန်ယူနေသူလည်း ဖြစ်သည်။

○




www.burmeseclassic.com

www.burmeseclassic.com



## သမ္မတဦးထင်ကျော် ဖခင်
## စာဆိုမင်းသုဝဏ်၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း



၁၉၀၉

ဖေဖော်ဝါရီလ (၁၀)ရက် (မ–၁၂၇၀ ပြည့်၊ တပို့တွဲလပြည့်ကျော် ၆ ရက်)ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီတွင် ဟံသာဝတီ

ဒီးရှာစာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



ခရိုင်၊ ကွမ်းခြံကုန်းမြို့ တောင်ဘက်ကမ်း၊ နာတာပူရိုးအရှေ့ ပိုင်း၌ ကုန်သည်များ ဖြစ်ကြသော အဖ ဦးလွန်းပင်၊ အမိဒေါ်မိ တို့မှ မွေးဖွားသည်။

မွန်-မြန်မာ မျိုးရိုးဖြစ်သည်။ မွေးချင်း(၇)ယောက်အနက် ဒုတိယမြောက် ဖြစ်သည်။

အထွေးဆုံး နှမငယ်မှာ ကဗျာစာဆို နုယဉ်(ဒေါ်ယဉ်နု) ဖြစ်သည်။

ရက်ချုပ်အရ ငယ်မည် "မောင်လှမောင်"ဖြစ်သည်။ အရပ် ထဲတွင် မောင်လှမောင် အမည်ရှိသူများမှာ အများအားဖြင့် ဆိုး ကြ၍ "မောင်လှဝံ"ဟု အမည်ပြောင်းသည်။

မန္တလေးပုဏ္ဏား ဆရာညွန့်က ဇာတာဖွဲ့ပေးသည်။ ဘုန်း ကြီးကျောင်းတွင် ဆရာတော်က "စိန်ဝံ"ဟူ၍ လည်းကောင်း၊ အရပ်ထဲမှ ဦးရွှေဒုံး ဆိုသူက "ခွေးဝံ၊ ဝက်ဝံ"ဟူ၍ လည်းကောင်း ချစ်စနိုး ခေါ်ကြသည်။

မြို့အနီးတွင် ရွှေဘိုမှ ပြောင်းလာသူများ နေထိုင်သည့် ရွှေဘိုတန်းရှိသည်။ ငယ်စဉ်က အစားကောင်း၊ အသားညိုပြီး ရွှေဘိုတန်းက မည်းမည်းဗဝ၊ ထောင်ထောင်မောင်းမောင်း ငပန် ဆိုသူနှင့် တူသဖြင့် အချို့က "ငပန်"ဟူ၍လည်း ခေါ်ကြသည်။ နောင်တွင် မောင်ဝံ ဟုသာတွင်၍ စိတ်ကြိုက် ဝ,ကို နု,ငယ် သတ်ပြီး "မောင်ဝန်"ဟု ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၁၆–၁၉၂၃

အသက်(၇)နှစ်ခန့် အရွယ်တွင် ကွမ်းခြံကုန်းမြို့၊ ရွှေကျင် ကျောင်းတိုက်၊ ဘိုးအေ ဦးကြာဖဲရပ်တွင် ဖွင့်လှစ်ထားသည့် ဆရာလေးဦးဖိုးလှိုင်၏ ကြားကျောင်း(ဂျားကျောင်း)ခေါ် မြန်မာ အလယ်တန်းကျောင်းတွင် ဆဋ္ဌမတန်း အထိ သင်ယူသည်။ ကျောင်းအုပ်ဆရာတော်မှ ဦးဣန္ဒဝံသ ဖြစ်သည်။

၁၉၂၁ ခုနှစ်တွင် ဖခင်ဦးလွန်းပင် ဦးဆောင်သည့် အမျိုး သားကျောင်းကော်မတီက ကွမ်းခြံကုန်းမြို့ မဟာတိလောက မုန် ကူသွန်းဘုရားကြီးလမ်း အနီးတွင် အမျိုးသားကျောင်း စတင် ဖွင့်လှစ်သည်။ ထိုအခါ ဆရာလေးဦးဖိုးလှိုင်၏ လောကဓာတ် ကျောင်းမှ အမျိုးသားကျောင်းသို့ပြောင်း၍ ခြောက်ဆင့်ရောက် အောင် သင်ယူသည်။ အမျိုးသားကျောင်း စတင်တည်ထောင်ရာ တွင် အလှူငွေလှည့်လည်ကောက်ခံသည့် တာဝန်ကို ဆောင်ရွက် ခဲ့သည်။

တစ်ကျောင်းတည်းနေ အတန်းကြီး ကျောင်းသား "ဦးအာကာသန်း"ထံမှ ကဗျာရေးနည်းကို လက်တွေ့စတင် သင် ယူခွင့်ရသည်။

၁၉၂၃ ခုနှစ် (မ–၁၂၈၅ ခုနှစ် ပထမဝါဆိုလပြည့်) တွင် လယ်တီဆရာတော်ဘုရားကြီး ကွယ်လွန်သည့်အခါ ဆရာအာကာ သန်း စပ်ဆိုသည့် "လယ်တီဘွဲ့လေးချိုး"ကို အားကျကာ အမှတ် တရ ကဗျာတစ်ပုဒ် ရေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၂၃–၂၆

ဇူလိုင်လ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့ ဆရာမှတ်ကြီး ကျောင်းခေါ် စိန့်ဂျွန်းကျောင်းသို့ ပဉ္စမတန်းမှ စတင်တက်ရောက်သည်။

၁၉၂၆ ခုနှစ်တွင် အစိုးရစစ် သတ္တမတန်းကို မြန်မာတစ်နိုင်ငံလုံးတွင် စတုတ္ထနေရာဖြင့် အောင်မြင်ကာ စကောလားရှစ်ရသည်။

၁၉၂၆–၂၉

ဇူလိုင်လထုတ် ဒဂုန်မဂ္ဂဇင်း အမှတ်(၇၁)တွင် "မိုးရာသီဘွဲ့"ကဗျာများ စတင်ပုံနှိပ်ဖော်ပြခံရသည်။ လက်ဦးဆရာကို အစွဲပြု၍ "စိန့်ဂျွန်းပျော် မောင်ဝန် အာကာသန်းတပည့်"ဟု ကလောင်အမည်ကို ခံယူသည်။

စိန့်ဂျွန်းကျောင်းသားဘဝ၌ပင် ဒီးဒုတ်ဂျာနယ်၊ ဗြိတိသျှဘားမားမဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်းတို့တွင် ကဗျာများ ရေးခဲ့သည်။

စိန့်ဂျွန်းကျောင်းအုပ်ဆရာကြီး ဗလင်ကိုး (Reverend A.H. Blencowe)က တနင်္ဂနွေကျောင်းအားရက်များတွင် အင်္ဂလိပ်ကဗျာများ သင်ပေးသည်။

ကျောင်းစာစောင် "St. John's College Chronicle"တွင် ၁၉၂၇ ခုနှစ်မှစ၍ မြန်မာကဏ္ဍ ဖွင့်လှစ်ကာ တပည့်ဖြစ်သူကို မြန်မာကဗျာများ ရေးစေခဲ့သည်။

www.burmeseclassic.com



ကျောင်းစာစောင်နှင့် ပြင်ပမဂ္ဂဇင်းတို့တွင် ကဗျာများရေးရာ၌ . . .

(၁) မေဃဝန်–ကွမ်းခြံကုန်းမြို့၊

(၂) စိန်ဂျွန်းပျော်–ကွန်းခြံကုန်းမြို့၊

(၃) ကွမ်းခြံကုန်း တောင်စုအစွန်က မောင်သုဝဏ်၊

(၄) ကွမ်းခြံကုန်း တောင်စုအလွန်က မောင်သုဝဏ်၊

(၅) ခင်သင်္ဂီ(ဟံသာပတီ)၊

(၆) စန်းသော်တာ၊

(၇) မောင်ဝန်၊

(၈) ကွမ်းခြံကုန်း–သုဝဏ်–၁၀ တန်း

ကလောင်အမည်များကို သုံးခဲ့သည်။

အဋ္ဌမတန်းမှစ၍ ဆရာမှတ်ကြီးအိပ်ဆောင်တွင် ပရီဖက် (Prefect)ခေါ် ကျောင်းသားမှူးလုပ်ရသည်။ အဆောင်မှာ ကျောင်းသားများကို ညစဉ် ဘုရားရှိခိုး တိုင်ပေးရသည်။ ငါးပါးသီလချ ပေးရသည်။ တနင်္ဂနွေနေ့များတွင် ဘုရားစာ၊ တရားစာများနှင့် မဏိကုဏ္ဍလဝတ္ထုကို ဖတ်ပြရသည်။

ကျူးကြီးလမ်း မင်းကြီးကတော် ဒေါ်မြမေ၏ ဗုဒ္ဓဘာသာ မိန်းကလေးကျောင်းတွင် ဖွင့်လှစ်သည့် ညကျောင်း၌ အပတ်စဉ် အလှည့်ကျ စာသင်ပေးရသည်။

၁၉၂၉ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို စိန်ဂျွန်းကျောင်းမှ ပထမတန်းဂုဏ်ထူးဖြင့် အောင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအချိန်အထိ ကဗျာပုဒ်ရေ (၁၀၀)ခန့်မျှ ရေးပြီးလေပြီ။

ဆယ်တန်းစာမေးပွဲတွင် ဘာသာရပ်တိုင်း အမှတ်ညီညီညွတ်ညွတ် အဆင့်ကောင်း ရသဖြင့် "အထူးကျောင်းသား" (Special Student)အဖြစ် တက္ကသိုလ်ကျောင်းတိုက် (University College)သို့ ဝင်ခွင့်ရသည်။

ဆရာမှတ်ကြီးကျောင်းမှ "Marks Scholarship" နှင့် တက္ကသိုလ်ကျောင်းတိုက်မှ "Exhibition Scholarship" တို့ကိုရရှိခဲ့သည်။

ပဲခူးကျောင်းဆောင် အလယ်ထပ်၊ အခန်းအမှတ်(၉၁)တွင် နေသည်။

ဝိဇ္ဇာဘွဲ့ရခါစ ခေတ္တနည်းပြဆရာ လုပ်နေသော ဆရာဦးသိန်းဟန်(ဇော်ဂျီ)နှင့် ဥပစာတန်းတက်စဉ် စတင်ဆုံစည်းခွင့်ရသည်။ ဥပစာအထက်တန်းကို တစ်နှစ်တည်းဖြင့် ဖြေဆိုခွင့်ရရှိအောင်မြင်ခဲ့သည်။

၁၉၂၉ ခု၊ ဒီဇင်ဘာလထုတ် တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း အတွဲ(၂၀)၊ အမှတ်(၁)တွင် ကဗျာငါးပုဒ် စတင်ဖော်ပြခံရသည်။ "မင်းသုဝဏ်"ကလောင်အမည်ကို စတင်သုံးစွဲသည်။

ငယ်စဉ်ကပင် ဖွဲ့လမ်းခဲ့သည့် "ဘာဂျာသိပ္ပံ ဝိစိတြ ကဗျာရာသီကျမ်း"မှ နတ်မောက်ရွာဇာတိ၊ ပဝတ္တိတောင်တွင်းကြီးမြို့နေ



www.burmeseclassic.com

www.burmeseclassic.com



စာရေးတော်ကြီး ဦးကြော့ရေး "စုံနံ့သာမြိုင်ရာပုံကြီး"တွင် မိဘနှစ်ပါးအား အလုပ်အကျွေးပြုနေသည့် အလောင်းတော် သုဝဏ္ဏသာမအကြောင်းကို စပ်ဆိုရာ၌ "ရွှေလိုဝင်းပါတဲ့ မင်းသုဝဏ်" ဟူသော စာသားအသုံးအနှုန်းကို နှစ်ခြိုက်သဖြင့် "မင်းသုဝဏ်" ကလောင်အမည်ကို ခံယူခဲ့ခြင်းဖြစ်သည်။

"မြဝတ်ရည်-ဟံသာကျေး"၊ "မောင်ရွှေခြည်"ကလောင် အမည်များဖြင့်လည်း ကဗျာများ ရေးခဲ့သည်။

ပဲခူးကျောင်းဆောင် လက်ရေးစာစောင် "ဟံသာကြေးမုံ" တွင်လည်း ကဗျာများရေးသည်။ "မွန်ကလေး"ဟူသော ကလောင် အမည်ကို ယင်းစာစောင်တွင် သုံးခဲ့သည်။

၁၉၃၁

တက္ကသိုလ်ကျောင်းတိုက် တပေါင်းလဆုတ် နှစ်လည် မဂ္ဂဇင်းတွင် "ခါနွေဆန်းတော့ လွမ်းမိတယ်"ကဗျာရှည်ကြီးကို ရေးခဲ့သည်။ "ဤကဗျာကို ရေးကတည်းက ကိုဝန်မှာ နာမည် ကြီး၍သာ လာ သသည်"ဟု "သိပ္ပံမောင်ဝ"က မှတ်ချက်ပေးခဲ့ ဖူးသည်။

မတ်လတွင် ကျင်းပသော ပထမနှစ် ဝိဇ္ဇာဂုဏ်ထူးတန်း (မြန်မာစာ) အစမ်းစာမေးပွဲကို အောင်ခဲ့သည်။

၁၉၃၀ ပြည်နှစ် ကမ္ဘာ့စီးပွားပျက်ကပ်ပြီးအကျိုးဆက်အဖြစ် မိဘနှစ်ပါး စီးပွားပျက်သည်။ ကျောင်းထွက်ပြီး ကွမ်းခြံ ကုန်းမြို့ အမျိုးသားကျောင်းတွင် ကျောင်းအုပ်ဆရာကြီး ဝင်လုပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ထွေးဖို့"ကလေးကဗျာများကို ထိုစဉ်အခိုက် စတင်ဖွဲ့ဆိုဖြစ်သည်။ "သပြေသီးကောက်"နှင့် "ဥပုသ်စောင့်"ကဗျာနှစ်ပုဒ်ကို ၁၁–၆–၃၁ ရက်နေ့ တစ်နေ့တည်းတွင် ရေးဖြစ်သည်။ တစ်ပတ်ခန့်အတွင်း ကလေးကဗျာ(၇)ပုဒ် ရေးပြီးခဲ့သည်။

ကဗျာများကို တက္ကသိုလ်ကျောင်းတိုက် နှစ်လည်မဂ္ဂဇင်း အတွဲ(၂၂)၊ အမှတ်(၂)တွင် စတင်ဖော်ပြသည်။ ကလောင်အမည်မှာ "မြဝတ်ရည်–ဟံသာကျေး"ဖြစ်သည်။

ကျောင်းပြန်ဖွင့်ချိန် ပါမောက္ခဆရာကြီး ဦးဖေမောင်တင်က တာဝန်ယူ ပြန်ခေါ်၍ ကျောင်းဆက်တက်ဖြစ်သည်။

၁၉၃၂

မြန်မာစာဝိဇ္ဇာ ဂုဏ်ထူးတန်း ဒုတိယနှစ် သင်တန်းတက်ရောက်နေစဉ်ကာလ၌ "ဘကြီးအောင်ညာတယ်"ဝတ္ထုတိုကိုရေးသည်။ တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း အတွဲ(၂၂)၊ အမှတ်(၂) (၁၉၃၂ ခု၊ ဖေဖော်ဝါရီလ)တွင် ဖော်ပြခြင်း ခံရသည်။

၁၉၃၃–၃၆

ဤကာလအတွင်း...

(က) တက္ကသိုလ်ကျောင်းတိုက် မြန်မာအသင်း အတွင်းရေးမှူး၊

(ခ) ဗုဒ္ဓဘာသာအသင်း အတွင်းရေးမှူး၊



www.burmeseclassic.com

www.burmeseclassic.com



(ဂ) တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း မြန်မာပိုင်း အယ်ဒီတာ၊

(ဃ) ဂန္ထလောကမဂ္ဂဇင်း၊ အယ်ဒီတာ၊

(င) မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း ကော်မတီဝင်တာဝန်များ ယူခဲ့သည်။

၁၉၃၃ ခုနှစ် မတ်လတွင် ကျင်းပသော ဝိဇ္ဇာဂုဏ်ထူးတန်း (မြန်မာစာ)ကို ပထမဆင့်နှင့် အောင်သည်။ Judson College နှင့် University College နှစ်ခုစလုံးတွင် မြန်မာစာဖြင့် အမှတ်အများဆုံးရ၍ Dally Jamshedji Chinai ဆုတံဆိပ် ရသည်။

မတ်လ၌ပင် ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီး၏ မွောရုံအုတ်မြစ်ချပွဲတွင် ဦးသန့်တင်(ရွှေပြည်စိုး)နှင့်အတူ အကျိုးဆောင်အဖြစ် ဆောင်ရွက်သည်။ နာယကများမှာ ဝတ်လုံတော်ရ ဦးမောင်ကြီး၊ ဝတ်လုံတော်ရ ဦးသိမ်းမောင်၊ ဆရာကြီးဦးဘတို့ဖြစ်၍ ဥက္ကဋ္ဌများမှာ ဦးဘစိန်(မီးရထားစာရင်းစစ်)၊ အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်း၊ ဒု-ဥက္ကဋ္ဌ ဆရာကြီးဦးပွားတို့ ဖြစ်ကြသည်။

ဇွန်လမှစ၍ တက္ကသိုလ်ကျောင်းတိုက် အရှေ့တိုင်းပညာရပ်များဌာန၌ အချိန်ပိုင်းနည်းပြ လုပ်သည်။ ပဲခူးဆောင်တွင်လည်း အဆောင်နည်းပြ တာဝန်ယူရင်း မဟာဝိဇ္ဇာ အချိန်ပိုင်း တက်သည်။ ၁၉၃၅ ခုနှစ်၊ မေလကုန်အထိ အချိန်ပိုင်းနည်းပြအဖြစ် ဆောင်ရွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မတ်လတွင် မဟာဝိဇ္ဇာ မြန်မာစာဂုဏ်ထူးတန်း စာမေးပွဲကို ဒုတိယအဆင့်မြင့်ဖြင့် အောင်ပြီး ၁၉၃၅ ခုနှစ် ဇွန်လမှ ၁၉၃၆ ခုနှစ် စက်တင်ဘာလလယ်အထိ အချိန်ပြည့်နည်းပြအဖြစ် ဆောင်ရွက်ခဲ့သည်။ ပင်းယဆောင် အဆောင်နည်းပြတာဝန်ကိုလည်း ယူခဲ့သည်။

နိုင်ငံတော်ပညာသင်ဆု လျှောက်ထားရာ အဆောင်မှူး ဆရာထင်းစီ၊ ပါမောက္ခဆရာကြီး ဦးဖေမောင်တင်၊ အရှေ့ဖျား သမိုင်းဆရာကြီး မစ္စတာလုစ္စ(G.h. Luce)တို့က ထောက်ခံစာများ အသီးသီး ရေးပေးကြသည်။

ပညာတော်သင်အဖြစ် အရွေးချယ်ခံရကြောင်း ပညာတော်သင် ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူးက ၁၉၃၆ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် အကြောင်းကြားစာ ပေးပို့လာသည်။

ပညာတော်သင် မထွက်ခွာမီ ယခင်က ဦးစိန်တင်(သိပ္ပံမောင်ဝ)ထံမှ လွှဲပြောင်းယူထားရသော ဂန္ထလောက ဂုဏ်ထူးဆောင် အယ်ဒီတာတာဝန်ကို ဦးမျိုးမင်း(နွယ်စိုး)သို့ လည်းကောင်း၊ မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်း (BEEA) အဖွဲ့ဝင် တာဝန်ကို ဆရာဦးသိန်းဟန်(ဇော်ဂျီ)သို့လည်းကောင်း အသီးသီး လွှဲပြောင်းပေးရသည်။

ပင်းယဆောင် သဟာယနှင့် စာဖတ်အသင်းကိုယ်စား ဦးညိုမြက တာဝန်ယူ၍ "မင်းသုဝဏ်"စာအုပ်ငယ်ကို ပြည်ကြီး မဏ္ဍိုင် ပုံနှိပ်တိုက်တွင် အုပ်ရေ ၅၀၀ ရိုက်နှိပ်ဖြန့်ဝေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်းသုဝဏ်၏ ကဗျာ(၁၃)ပုဒ်နှင့် "ဘကြီးအောင် ညာတယ်" ဝတ္ထုတိုတို့ ပါဝင်သည်။

ဝတ္ထုတိုကို သူကြီးဇေဇက် ဦးခင်မောင်က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည်။ ကဗျာများကို ဦးခင်ဇော်"ကေ"နှင့် သူငယ်ချင်းများဖြစ်ကြသော ဦးညီညီ(သမဝါယမဌာနအတွင်းဝန်)၊ ဦးမျိုးမင်း (နွယ်စိုး)တို့က ဘာသာပြန်ဆိုကြသည်။ အမှာစာကို ဆရာကြီးလူထွက ရေးပေးခဲ့သည်။

ဩဂုတ်လ ၇ ရက်နေ့တွင် ပင်းယကျောင်းဆောင်သားများက အငြိမ့်ပွဲသွင်း၍ နှုတ်ဆက်ပွဲ လုပ်သည်။ အငြိမ့်ပွဲတွင် သုရိယသန်းသန်းက ဦးချင်းစိန်(ဒဂုန်ရွှေညာမောင်) ရေးစပ်ပေးသည့် ဂေါ်လာနှုတ်ခွန်းဆက်သီချင်းကို သီဆိုသည်။

ဩဂုတ်လ ၂၂ ရက်နေ့တွင် "ပဲခူးသင်္ဘော"ဖြင့် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာသည်။ သင်္ဘောပေါ်တွင် ကိန်းဘရစ်(ချ်)တက္ကသိုလ်၌ မြန်မာစာပို့ချမည့် မစ္စတာဖာနီဗယ်(J.S Furnivall) သည်း အတူလိုက်ပါသွားသည်။

## ၁၉၃၆–၃၉

အောက်စဖို့ဒ်တက္ကသိုလ် စိန့်ကက်သရင်းကျောင်းတွင် သက္ကဋ၊ တိဘက်၊ အထွေထွေ ဘာသာဗေဒပညာရပ်များ သင်ယူသည်။



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယကျောင်းတိုက် သံက္ကတ္ပါမောက္ခ F.W Thomas E.H Johntson တို့ထံတွင် သင်ယူသည်။

ကြီးကြပ်သူ (Supervisor)မှာ မြန်မာ့သမိုင်းရေးသူ "G.E. Harvey" ဖြစ်သည်။

၁၉၃၇ ခုနှစ် ဒီဇင်ဘာလ ကျောင်းပိတ်ရက်ဝယ်၊ ငယ်စဉ်က စိန့်ဂျွန်းကျောင်းအုပ်ကြီး ဗလင်ကိုး၊ သင်းအုပ်ဆရာအဖြစ် လုပ်ကိုင်နေထိုင်ရာ Chester မြို့အနီးရှိ စိန့်ဒိုင်းနီးယဲ စာကြည့်တိုက် (St. Deiniol's Library)တွင် ဆရာကြီးက အကြံပြုသဖြင့် ဆောင်းခိုရင်း စာကြည့်သည်။ ထိုစဉ်က အာဇာနည် ဦးအုန်းမောင်နှင့် ပညာရေးအတွင်းဝန် ဦးဘကျော်တို့မှာ စာကြည့်ဖော်များ ဖြစ်ကြသည်။

အောက်စဖို့ဒ်သို့ မပြန်မီတစ်ရက်အလို ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးအကြိုကဗျာ **"သပြေညို"** ကို ရေးဖွဲ့ဖြစ်ခဲ့သည်။

၁၉၃၈ ခုနှစ်တွင် "Development of the Burmese Language in the Medieval Period" စာတမ်းပြုစု တင်ပြပြီး အောက်တိုဘာလ၌ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိက ဘာသာရပ်များ လေ့လာရေးကျောင်း (School of Oriental and African Studies - SOAS)သို့ ပြောင်းရွှေ့ ပညာသင်ယူသည်။

SOAS မှ ပါမောက္ခစတီးဝပ် (J.A Stewart)ထံ၌ အဘိဓာန် ပြုစုတည်းဖြတ်ရေးပညာ (Lexicography)ကို လက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ဆည်းပူး သင်ယူသည်။ ကျောင်းပိတ်ရက်များတွင် မစ္စတာစတီးဝပ် နေထိုင်ရာ ကိန်းဘရစ်(ချ်)မြို့အနီး Bishpo's Stortford မြို့ငယ် လေးသို့ သွားရောက်သည်။ မစ္စတာစတီးဝပ်နှင့် မစ္စတာဒန်း (C.W. Dunn)တို့အား အဘိဓာန်လုပ်ငန်း ကူညီနေသည့် ပညာရှင် ဦးခင်မောင်လတ် A.T.M နှင့်အတူ လက်တွေ့လေ့လာမှု ပြုခဲ့ သည်။

၁၉၃၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ကျင်းပသော အောက်စဖို့ဒ်တက္ကသိုလ် ဘွဲ့နှင်းသဘင်တွင် B.Litt (ဘီလစ်)ခေါ် အသေပဝိဇ္ဇာဘွဲ့ အပ်နှင်းခြင်း ခံရသည်။

ဩဂုတ်လ ၄ ရက်နေ့တွင် လီဗာပူးလ်(Liverpool)ဆိပ် ကမ်းမှ "ပဲခူးသင်္ဘော"ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာ သည်။

စက်တင်ဘာလ ၃ ရက်နေ့ သီဟိုဠ်ကျွန်း(သီရိလင်္ကာ) အရောက် ဗြိတိသျှက စစ်ကြေညာကာ ဒုတိယကမ္ဘာစစ်အတွင်း ဝင်သည်နှင့် ကြုံသည်။

စက်တင်ဘာလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိသည်။

အောက်တိုဘာ ၁ ရက်နေ့တွင် တက္ကသိုလ်ကျောင်းတိုက် အရှေ့တိုင်းပညာရပ်များဌာန၌ မြန်မာစာ လက်ထောက်ကထိက အဖြစ်စတင်အမှုထမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ထွေးအဖို့ကဗျာများကို ဆရာဦးခင်ဇော်"K"က ဂီတသင်္ကေတ ထည့်ပေးသည်။ ဆရာဇနီးက စန္ဒရားတီး၍ သားသမီးများနှင့် စမ်းသပ်သီဆိုရာ အောင်မြင်၍ ဆရာကြီးဦးဘဉာဏ်၏ပန်းချီလက်ရာများဖြင့် "မောင်ထွေးဖို့ ကဗျာများ"မှ "မောင်ခွေးဖို့ ကဗျာများ"ဟု အမည်ပြောင်းကာ ၁၉၄၀ ပြည့်နှစ်ဦးတွင် ကဗျာစာအုပ် ထွက်သည်။ ကုန်ကျငွေကို မြန်မာအမျိုးသမီးများနိုင်ငံလုံးကောင်စီ (National Women's Council)က ထောက်ပံ့ပြီး အမေရိကန် သာသနာပြုပုံနှိပ်တိုက် (ABM)၌ ပုံနှိပ်သည်။

ထို့နောက် မောင်ခွေးဖို့ သီချင်းများကို အဆိုတော် ဒေါ်သန်းအေးနှင့် တောင်ကြီးမှ B.Ed လာတက်နေသည့် ဒေါ်ခင်သိန်းတို့ အသံဖြင့် ဓာတ်ပြားသွင်းသည်။

### ၁၉၄၀

မတ်လ ၈ ရက်နေ့တွင် ဓီဝိတဒါနသံဃာ့ဆေးရုံကို စတင်တည်ထောင်ရာ ပထမဆုံး အသင်းသား(၂၇)ဦးတွင် ပါဝင်ခဲ့သည်။

ဂီလာနဝတ္ထု၌ မြတ်စွာဘုရား မိန့်ကြားတော်မူသော ဓာတ်ပုံကို မြန်မာပြန်၍ မဂ္ဂဇင်းတစ်စောင်တွင် ထည့်ခဲ့ရာ ဓီဝိတဒါနဆေးရုံ အဝင်ဝတွင် သရုပ်ဖော်ပန်းချီ လက်ရာနှင့်အတူ ကူးယူ ဖော်ပြခြင်း ခံခဲ့ရသည်။ ယင်းမှာ "ချစ်သားတို့၊ ငါ ဘုရားကို လုပ်ကျွေးပြုစုလိုသော ပုဂ္ဂိုလ်သည် နာမကျန်းသော ရဟန်းကို လုပ်ကျွေးလော့"ဟူ၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



J.A Stewart နှင့် C.W. Dunn တို့ တည်းဖြတ်၍ ဦးခင်အောင်လတ် အထောက်အကူပြုသော "A Burmese English Dictionary Part 1 (အ မှ အခင်းအထိ) ထွက်ရှိသည်။ တည်းဖြတ်သူနှစ်ဦးက အဘိဓာန်ကို လက်ဆောင်အဖြစ် ပေးပို့လာပြီး အမှာစာတွင် "Maung Wun, M.A, B.Litt have assisted us by replies to queries and by suggestions' ဟူ၍ ဖော်ပြ အသိအမှတ် ပြုခဲ့သည်။

၁၉၄၂

ပညာရေးဌာန ဘာသာပြန်စာပေဌာနခွဲတွင် အမှုထမ်းခဲ့သည်။

ဇွန်လ ၁၁ ရက်နေ့တွင် ညောင်တုန်းမြို့ တရားဘက်တာဝန်ခံအရာရှိ ဦးဒွေး၊ ဒေါ်စံယုတို့၏သမီး ဒေါ်ကြည်ကြည် (B.A.Ed, B.Ed. ၁၂-၇-၁၉၁၈ မှ ၂၉-၁၂-၂၀၀၇) နှင့် လက်ထပ်သည်။

၁၉၄၄

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံတော် ပညာတံခွန်အသင်းကို နိုင်ငံတော်စိုးရ၏ အကူအညီဖြင့် တည်ထောင်သည်။ အသင်းဥက္ကဋ္ဌမှာ ဒေါက်တာဘဟန် ဖြစ်သည်။ အသင်းတွင် "ပညာစွယ်စုံဌာန" နှင့် "အဘိဓာန်ဌာန" ဟူ၍ ဌာနနှစ်ခု ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိဓာန်ဌာနတွင် စာတည်းအဖြစ် ဦးဆောင်လုပ်ကိုင်ရန် ခန့်ထားခံရသည်။

ဂျပ်ငန်းကို စစ်ဘေး သက်သာရာ ဟံသာဝတီစီရင်စု၊ ကွမ်းခြံကုန်းမြို့တွင် စတင်သည်။ လုပ်ငန်းရုံးမှာ "ရွှေကျင်ကျောင်းတိုက်၊ ဖိုးကြာဇံဇရပ်"တွင် ဖြစ်ပြီး ဇန်နဝါရီလ ၁၀ ရက်နေ့တွင် လုပ်ငန်းများစသည်။ ဖိုးကြာဇံဇရပ်ကား မင်းသုဝဏ် ငယ်စဉ်က မြန်မာစာသင်ယူခဲ့သော တိုးအေဖြစ်သူ၏ဇရပ်၊ ဆရာလေးဦးဖိုးလှိုင်၏ လောကစာတ်ကျောင်း တည်ရှိခဲ့ရာ နေရာပင် ဖြစ်လေသည်။

၁၉၄၅

ဧပြီလ ၇ ရက်နေ့တွင် လေကြောင်းအန္တရာယ်ကြောင့် အဘိဓာန်လုပ်ငန်းဆိုင်ရာ ပစ္စည်းများကို ရွှေကျင်ကျောင်းတိုက်သို့ ပြောင်းရွှေ့သိမ်းဆည်းပြီး လုပ်ငန်းခေတ္တရပ်ဆိုင်းခဲ့သည်။

ဗြိတိသျှများ ပြန်ရောက်၍ အုပ်ချုပ်ရေးကို ပြန်လည်လုပ်ဆောင်သည့်အခါ Lt. Col. Sutherland ဦးသက်တင် ဆိုသူတို့နှင့် တွေ့ဆုံရာ၌ မြို့အုပ် လုပ်ရန် ကမ်းလှမ်းလာခဲ့သည်။ မြို့အုပ်တာဝန်ကို ၂၃-၅-၄၅ မှ ၁၈-၇-၄၅ ရက်နေ့အထိ နှစ်လခန့် ဆောင်ရွက်ခဲ့သည်။

မြို့အုပ်ရာထူး လက်ခံပြီး နှစ်ရက်အကြာ မြို့အုပ်အဆောင်အယောင်အဖြစ် နှစ်လုံးပြူးသေနတ် (အမှတ်-၄၃၆၂)



www.burmeseclassic.com

www.burmeseclassic.com



တစ်လက်နှင့် ကျည်ကပ်နှစ်ကပ် လက်ခံယူရသည်။ မြို့အုပ်လုပ်ငန်း လုပ်ပိုင်ခွင့်နှင့် လိုအပ်ချက်အရ သမြေအိုင်၊ မြောက်ချောင်၊ တောင်ချောင်သူကြီးတို့အတွက် သေနတ်ဝယ်ခွင့်အမိန့်များ ထုတ်ပေးခဲ့သည်။

ဩဂုတ်လ ၆ ရက် ရန်ကုန်မြို့၊ မဂိုလမ်း အရှေ့ပေါ် တက္ကသိုလ်သင်တန်းများ ဖွင့်လှစ်သည့်အခါ မြန်မာစာ လက်ထောက်ကထိကအဖြစ် အလုပ်ဝင်သည်။

**၁၉၄၆**

တက္ကသိုလ်များ ပြန်ဖွင့်ပြီးနောက် ဇွန် ၁ ရက်နေ့တွင် ကထိကဖြစ်သည်။

ဒီးဒုတ်ဦးဘချို (ဥက္ကဋ္ဌ)၊ ဦးထင်ဖတ် (အတွင်းရေးမှူး) အဖြစ် ဆောင်ရွက်သော "မြန်မာ့အသံ" မြန်မာပိုင်းအစီအစဉ် အကြံပေး အဖွဲ့ဝင် ဖြစ်ခဲ့သည်။

**၁၉၄၇**

အိန္ဒိယနိုင်ငံ၊ နယူးဒေလီ၌ ကျင်းပသည့် အာရှတိုက် ဆက်ဆံရေးညီလာခံသို့ ကိုယ်စားလှယ်တစ်ဦး အနေဖြင့် တက်ရောက်ခဲ့သည်။

တက္ကသိုလ်ဝင်စာမေးပွဲ စစ်ဆေးရန် ဇွန်လတွင် ဖျာပုံမြို့သို့ သွားသည်။ ဖျာပုံ ရာဇဝတ်ဝန် (နောင် ရန်ကုန်မြို့ဝန်ကြီး)

www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင်မောင် အိမ်တွင် အတူနေထိုင်သူ ဗျာပုံ အရေးပိုင် Mr. Robert Mole ထံမှ Walter De La Mare ၏ "Nursery Rhpmes for Certain Times" စာအုပ်ကို ခေတ္တငှား၍ ဖတ်ခဲ့သည်။ ထိုစာအုပ်ပါ "Tom Thumb's Alphabet" ခေါ် 'လက်မ၏အက္ခရာ သံပေါက်ကို အတုယူ၍ မြန်မာကလေးများအတွက် ပျော်စရာ သံပေါက်ကလေးများ ရေးသားလိုစိတ် ဖြစ်သည်။ "ကကြီး ကဆုန်၊ မိုးမှုန်မှုန်" စသည်ဖြင့် စတင်ရေးစပ်သည် နောက်တစ် နေ့တွင် Mole နှင့် ဦးခင်မောင်မောင်တို့ကို တိုင်ပင်ဆွေးနွေးရာမှ "က–ကဖွန်းပင်၊ ရေမှာရှင်"၊ "ခ=ခရမ်းသီး၊ ဓားနှင့်လှီး" အစ ချီသည့် "ကကြီး ခကွေးလင်္ကာ" ဖြစ်ပေါ်လာခဲ့သည်။

၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် ဝန်ကြီးချုပ် ဦးနု ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော မြန်မာနိုင်ငံ ဘာသာပြန်စာပေ အသင်း ပေါ်ပေါက်လာခဲ့သည်။ ထိုအခါ ဘာသာပြန်စာပေအသင်း အုပ်ချုပ်ရေးကောင်စီ၊ ဝေါဟာရကော်မတီ၊ စွယ်စုံကျမ်းအဖွဲ့၊ သုခ မိန်အဖွဲ့၊ မြန်မာဘာသာပြန် ဥပဒေကော်မတီ စသည်တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ပညာတံခွန်အသင်းက အဘိဓာန်လုပ်ငန်း အရပ်ရပ်ကို တက္ကသိုလ်သို့ လွှဲသည်။ ဇွန်လ ၁ ရက်နေ့တွင် တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စတင်ဖွင့်လှစ်ရာ ဌာနမှူး အဖြစ် ဆောင်ရွက်၍ အဘိဓာန်လုပ်ငန်းကို ပြန်လည် စတင်ကိုင် သည်။



www.burmeseclassic.com

www.burmeseclassic.com



၂-၇-၄၈ ရက်နေ့ထုတ် "အိုးဝေ"သတင်းစာတွင်"ရပာန်းရှင်လူ သုခမိန်များ အလိုရှိသည်" ခေါင်းစီးဖြင့် အဘိဓာန်လုပ်ငန်း "အတိုင်ပင်ခံအဖွဲ့"၊ "သုခမိန်အဖွဲ့"တို့တွင် ပညာရှင်များလျှောက်ထားရန် ကြော်ငြာခေါ်ယူခဲ့သည်။

မြန်မာနိုင်ငံ အခြေခံဥပဒေ မြန်မာစာ စာမူကို စစ်ဆေးလေ့လာ အကြံပေးခဲ့ရသည်။

၁၉၄၆ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ ကာလအတွင်း မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်စာတည်း အဖြစ် (၆)ကြိမ်၊ အလုပ်စာတည်း (၁)ကြိမ်၊ သုတေသန စာစဉ်ထုတ်ဝေရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ (၁)ကြိမ်၊ အသင်းအမှုဆောင်ကော်မတီ (၁)ကြိမ်၊ ဒု-ဥက္ကဋ္ဌ (၆)ကြိမ်၊ အသင်းဥက္ကဋ္ဌ (၁)ကြိမ်၊ စုစုပေါင်း (၂၆)ကြိမ်မျှ ဆောင်ရွက်ခဲ့သည်။

## ၁၉၄၉-၅၀

မြန်မာသတ်ညွှန်းကျမ်း (နောင်တွင် တက္ကသိုလ်သတ်ညွှန်းကျမ်း)ကို ၁၉၄၉ ခုနှစ်တွင် စတင်ပြုစုခဲ့ရာ ၂၇-၁၀-၅၀ ရက်၌ ပြီးစီးသည်။

ထိုကျမ်းအတွက် အမှာစာ ရေးခဲ့သည်။

မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်)၏ ဆောင်ပုဒ်ဖြစ်သော "အမှောင်ခွင်း၍ အလင်းဆောင်အံ့"ဆိုသားကို ၁၉၄၉ ခုနှစ်ကုန်တွင် တီထွင်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပျဉ်းမငုတ်တို"ကဗျာကို ၁၀–၁–၄၉ ရက်နေ့တွင် စပ်ဆိုခဲ့ပြီး ၁၉၄၉ ခုနှစ်ထုတ် တာရာမဂ္ဂဇင်း အတွဲ(၂)၊ အမှတ်(၁၀)တွင် ဖော်ပြခဲ့သည်။

နိုင်ငံတော်၏ ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်ခြင်း ခံရသည်။

ဩဂုတ်လတွင် ဒေါက်တာလှဘေနှင့် Mr. C.W.Dunn တို့ရှာ "The Royal Danish Academy of Sciences and Letters" မှ ပုံနှိပ်သည့် "A Critical Pali Dictionary"စာအုပ်ကြီး၌ "To Wunna Kyaw Din U Wun, M.A, B.Litt, who since the year 1946 has freely given his time and learing to correct our erros and to suggest improvements, this book is given by us the present editors of the Burmese-English Dictionary joining with our own names the name of our late colleague Dr.J.A Stewart, C.IE, M.C, LL.D"

ဟူ၍ အမှတ်တရ ရေးသားပေးပို့ခဲ့ကြသည်။

အထက်ပါစာကို ထောက်ရှုခြင်းအားဖြင့် Stewart and Dunn ၏ "မြန်မာ–အင်္ဂလိပ်အဘိဓာန်"ကို ဆရာမင်းသုဝဏ်သည် ပညာတော်သင် ဘဝမှစ၍ မြန်မာနိုင်ငံသို့ ပြန်ရောက်ပြီး နှစ်ပေါင်းမည်မျှကြာအောင် ဆက်လက်ကူညီလျက် ရှိသည်ကို ပေါ်လွင်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၁

၁၉၅၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဖွဲ့စည်းသော ပန်းချီဆရာကြီး ဦးငွေကိုင်၊ ဦးစံဝင်း၊ ကာတွန်းဦးဘဂျမ်း၊ ဦးအုံးလွင်၊ ဒု–ပညာမင်းကြီး ဦးကောင်း၊ ဦးသိန်းဟန်(ဇော်ဂျီ) တို့ ပါဝင်သည့် "မြန်မာ့ရှေးရိုးပန်းချီကာကွယ်ရေး ပန်းချီကော်မတီ"တွင် အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့သည်။

The University English-Myanmar Dictionary ကို ပြုစုခဲ့သော ဒေါက်တာဘဟန်က သူ၏ အဘိဓာန် အမှာစာတွင် အဘိဓာန်ပြုစုရာ၌ ကူညီခဲ့သူ ဦးဝန်နှင့် ဦးတင်သိန်း (ဒေါက်တာဘဟန်၏သမက်)တို့အား အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့လေသည်။

"...... They have unstintedly helped me with their rich stores of accurate scholarship and information"

သခင်ကိုယ်တော်မှိုင်း၊ ဆရာလင်း၊ ဝန်ကြီးချုပ် ဦးနု၊ ဆရာကြီး ဦးဖေမောင်တင်၊ ဆရာဇော်ဂျီတို့နှင့်အတူ ဗမာနိုင်ငံစာရေးဆရာအသင်း၏ နာယကအဖြစ် ၂–၉–၅၁ နေ့တွင် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။

၁၉၅၂

အမေရိကန်နိုင်ငံ၊ နယူးဟေဗင်မြို့ (New Haven)၊ ယေးလ်တက္ကသိုလ် (Yale University)၌ ဘာသာဗေဒပညာကို (၆)လခန့် သွားရောက်ဆည်းပူးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တက္ကသိုလ်မြန်မာအဘိဓာန် အပိုင်း(၁)" (က–အက္ခရာ) ကို ပြုစုပြီးစီးသည်။

## ၁၉၅၃

တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနက စာတည်းမှူးအဖြစ် ဇွန် ၁ ရက်နေ့တွင် တိုးမြှင့်ခန့်ထားခြင်းခံရသည်။

နိုင်ငံတော်သမ္မတကြီးက "မဟာဂီတသီချင်းကြီးများကို သီဆိုတီးမှုတ်ခြင်း၌ မှုမှန်စံပြထားရှိရေး၊ အမှတ်သင်္ကေတပြုလုပ်ရေး၊ အသံသွင်းထားရေးနှင့် ရုပ်ပေါ် သံထွက်ပြုလုပ်ရေး"တို့အတွက် ပြည်ထောင်စု ယဉ်ကျေးမှုဝန်ကြီး ဦးထွန်းဖေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော "အကြံပေးအဖွဲ့"ကို ၁၀–၆–၅၃ နေ့တွင် ဖွဲ့စည်းပေးခဲ့သည်။ အဆိုပါအဖွဲ့တွင် အလင်္ကာကျော်စွာ ဦးဟန်ပ၊ အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည်၊ မြို့မငြိမ်း စသည်တို့နှင့်အတူ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ မဟာဂီတသီချင်းကြီး စုစုပေါင်း(၈၁)ပုဒ်ကို မှုမှန်ပြုလုပ်အောင်မြင် ပြီးစီးခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် ကျင်းပသော ကလေးစာအုပ်ပြပွဲတွင် နိုင်ငံပေါင်း(၅၀)မှ ကလေးစာအုပ်များ ပြသခဲ့ကြသည်။ မြန်မာနိုင်ငံ၏ ကိုယ်စားပြု ဆရာမင်းသုဝဏ်၏ "မောင်ခွေးဖို့" ကဗျာစာအုပ် ပါဝင်ခဲ့ရာ ကလေးသူငယ်အများ စိတ်ဝင်တစား လေ့လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၆

"တက္ကသိုလ်မြန်မာအဘိဓာန်အပိုင်း(၂)" (ခ–အက္ခရာ) ပြုစု ပြီးစီးသည်။

၁၉၅၇

"ခေတ်မှူလတန်း မြန်မာဖတ်စာ"ကို ဆရာကြီးဦးဖေမောင်တင်နှင့်အတူ ပြုစုခဲ့သည်။

"ပထမတန်း မြန်မာဖတ်စာ"ကို ဆရာကြီး ဦးဘနှင့်အတူ ပြုစုခဲ့သည်။

အောက်တိုဘာလတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဆိုဗီယက်ရုရှား၊ ပိုလန်၊ ချက်ကိုစလိုဗေးကီးယား၊ အရှေ့ဂျာမနီနိုင်ငံများသို့ မြန်မာယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့နှင့် လှည့်လည်သွားရောက်ခဲ့သည်။

"တိပိဋက ပါဠိ–မြန်မာဖတ်စာ"နှင့် "စတုတ္ထတန်း မြန်မာဖတ်စာ"တို့ကို ဆရာကြီးဦးဘနှင့်အတူ ပြုစုခဲ့သည်။

၁၉၅၈

ရုပ်ရှင်စစ်ဆေးရေးအဖွဲ့ (Censor Board)အဖွဲ့ဝင်အဖြစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၀

"မူလတန်းမြန်မာဖတ်စာ"နှင့် "ဒုတိယတန်းမြန်မာဖတ်စာ"တို့ကို ဆရာကြီးဦးဘနှင့် အတူ ပြုစုခဲ့သည်။

၁၉၆၁

"ပထမတန်း မြန်မာဖတ်စာ"ကို ဆရာကြီး ဦးဘနှင့်အတူ ပြုစုခဲ့သည်။

"တက္ကသိုလ်မြန်မာအဘိဓာန် အပိုင်း(၃)" (ဂ၊ ဃ၊ င-အက္ခရာ) ပြုစုပြီးစီးသည်။

တက္ကသိုလ်ကောင်စီ၏ တိုက်တွန်းချက်အရ မတ်လ ၁ ရက်နေ့တွင် မြန်မာစာပါမောက္ခအဖြစ် စတင်ဆောင်ရွက်သည်။

အောက်တိုဘာလတွင် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့နှင့် အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။

"တက္ကသိုလ်စာအုပ် ထုတ်ဝေဖြန့်ချိရေးကော်မတီ" ဥက္ကဋ္ဌ၊ "မြန်မာသမိုင်းကော်မရှင်" အဖွဲ့ဝင် တာဝန်များကို ယူခဲ့သည်။

၁၉၆၂

နိုင်ငံတော်အစိုးရ၏ သီရိပျံချီဘွဲ့ ချီးမြှင့်ခြင်း ခံရသည်။

မေ ၁၃ ရက်တွင် မြန်မာစာပါမောက္ခရာထူးကို စွန့်လွှတ်ပြီး ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စာတည်းမှူးတာဝန် ပြန်လည်ထမ်းဆောင်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၃

"တက္ကသိုလ်မြန်မာအဘိဓာန် အပိုင်း(၄)" (စ–အက္ခရာ) ပြုစုပြီးစီးသည်။

၁၉၆၄

"တက္ကသိုလ်မြန်မာအဘိဓာန် အပိုင်း(၅)" (ဆ–အက္ခရာ) ပြုစုပြီးစီးသည်။

၁၉၆၅

တော်လှန်ရေးအစိုးရ လူမှုဝန်ထမ်းဌာနခွဲက ကြီးကြပ်ဆောင်ရွက်ခဲ့သော "မြန်မာမျက်မမြင် စာပေမူသစ်စာအုပ် ဖြစ်မြောက်ရေးကော်မတီ"တွင် အဖွဲ့ဝင် လူကြီးအဖြစ် ပါဝင်ကူညီခဲ့သည်။

ရှေ့ဆောင်လူငယ် ဗဟိုကောင်စီမှ "လူငယ်စာပေ ထုတ်ဝေရေးအဖွဲ့"တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၆

မြန်မာနိုင်ငံ စာမတတ်သူ ပပျောက်ရေးအတွက် သက်ကြီးစာသင်နည်း (ဝ၊ ထ၊ က၊ လ၊ သ)ကို တီထွင်ခဲ့သည်။ "သက်ကြီးဖတ်စာ" "သက်ကြီးစာပဒေသာ"များကိုလည်း တီထွင်ရေးသား ပြုစုပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့မှ ၁၉၆၆ ခုနှစ် အမျိုးသားစာပေစိစစ်ရွေးချယ်ရေး၊ ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့ရာတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

ပညာရေးဌာန အခြေခံသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်တွင် အဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့သည်။

မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် သချာပါမောက္ခမှ "မြန်မာ့ရှေးရိုးသချာများ ဖော်ထုတ်ခြင်း၊ သုတေသနလုပ်ငန်း" အတွက် ၅–၉–၆၆ ရက်နေ့တွင် တရားဝင် အကြံဉာဏ်တောင်းခံလာရာ ၁၈၆၅ ခုနှစ်ခန့်ဆီမှစ၍ မြန်မာပြန် သိုးဆောင်းသချာစာ စာအုပ်ရှိခဲ့ကြောင်း အထောက်အထားဖြင့် ဖော်ပြပြီး ကုန်းဘောင်ခေတ် သချာပညာဌာနနှင့် ပတ်သက်၍ ရှာဖွေလေ့လာသင့်သော ကျမ်းများကို ဖော်ပြအကြံပြုခဲ့သည်။

ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပြန်ကြားရေးဌာနမှ ဖွဲ့စည်းခဲ့သော "စာပေလုပ်သားအဖွဲ့ ဖြစ်မြောက်ရေးကော်မတီ"တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁၉၆၆–၆၇ ပါဠိဌာန သင်ကြားရေးအဖွဲ့ (Board of Studies)တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ပညာရေးအဖွဲ့၏ တာဝန်ပေးခြင်း ခံရသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၇

မိဘများ အမွေပေးခဲ့သော ညီအစ်ကိုမောင်နှမတစ်စုပိုင်သည့် ကွမ်းခြံကုန်းမြို့ တောင်ဘက်ကမ်း မင်းသုဝဏ်လမ်းထိပ်ရှိ မြေကွက်နှင့် အိမ်ဟောင်းတစ်လုံးကို "ရပ်မှုရွာမှုအတွက်" သက်ဆိုင်ရာ အာဏာပိုင်များမှတစ်ဆင့် ပေးလှူရေးကို ၁၉၆၆ မှ ၁၉၆၇ အထိ အားထုတ်ခဲ့သည်။

ဗြိတိသျှသံရုံး အရာထမ်းများ ရာထူးတိုးမြှင့်ရာတွင် လန်ဒန်မှ ပြုလုပ်သော Civil Service Commission စာမေးပွဲဖြေဆိုကြရသည်။

မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော အတွင်းဝန် Mr.R.J.Chase သည် အဆိုပါစာမေးပွဲကို ဖြေဆိုရာ၌ မြန်မာစာစစ်ဆေးပေးမည့် ပုဂ္ဂိုလ်တစ်ဦး လိုအပ်ခဲ့ပါသည်။ ဗြိတိသျှသံရုံးက နိုင်ငံခြားရေးရုံးမှတစ်ဆင့် လိုအပ်သောပုဂ္ဂိုလ်ကို တောင်းခံခဲ့ရာ စာစစ်မှူးအဖြစ် ဆောင်ရွက်ရန် နိုင်ငံတော်မှ တာဝန်ပေးအပ်ခဲ့သည်။

အလားတူပင် ဩစတြေးလျသံရုံးမှ အတွင်းဝန် Mr.S.R Hume အတွက်လည်း ဗြိတိသျှသံရုံးနှင့် လန်ဒန်မြို့၊ SOAS တို့၏ ထောက်ခံချက်များအရ စာစစ်မှူးလုပ်ပေးရန် အမည်နှင့် တောင်းခံလာ၍ စာစစ်မှူးအဖြစ် ဆောင်ရွက်ပေးခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၈

တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စာတည်းမှူးအဖြစ်မှ အငြိမ်းစားယူပြီး ၁–၆–၆၈ ရက်နေ့မှစ၍ ပညာရေးဌာန အထူးအရာရှိအဖြစ် ဆက်လက်တာဝန်ထမ်းသည်။

၁၉၇၀

မြန်မာနိုင်ငံ သုတေသနအသင်း နှစ်(၆၀)ပြည့်တွင် အသင်း ဥက္ကဋ္ဌအဖြစ် ရွေးခံရသည်။

Henry: An Anthology by World Poets, Bern Porter. 1970 စာအုပ်အတွက် နိုင်ငံပေါင်း (၆၉)နိုင်ငံမှ ကဗျာများကို ရွေးချယ်ခဲ့ရာ Prof. G.H. Luce အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသည့် (The Pyinma Stump) "ပျဉ်းမငုတ်တို"ကဗျာကို မြန်မာနိုင်ငံ ကိုယ်စားပြု ကဗျာအဖြစ် ရွေးချယ်ခံခဲ့ရသည်။

နိုင်ငံတော်မှ ချီးမြှင့်သည့် သီရိပျံ့ချီဘွဲ့တံဆိပ်ကို ရွှေတိဂုံ စေတီတော်ကြီးအား ၁၉–၁၂–၇၀ ရက်နေ့တွင် လှူဒါန်းခဲ့သည်။ ထိုဘွဲ့တံဆိပ်သည် ၃၆–၂–၆ ရွှေသား ရှိကြောင်းကို "အထွေထွေ ဝေယျာဝစ္စအတွက် အလှူငွေရရှိကြောင်း ပြေစာ"တွင် ထည့်သွင်း ဖော်ပြထားသည်ကို တွေ့ရသည်။

(မှတ်ချက်။ ရွှေတိဂုံဘုရား ဆည်းလည်းအမှတ်(၁၁၇) မှာ အဘိုးဖြစ်သူ ဖိုးကြာဖံ လှူဒါန်းခဲ့သည့် ဆည်းလည်းဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၁

မေလ ၃၀ ရက်နေ့တွင် ပညာရေးအထူးအရာရှိအဖြစ်မှ အနားယူသည်။

၁၉၇၄

ကြယ်၊ နက္ခတ်တာရာ၊ ပညာပေးစာအုပ်များ ဖြစ်ကြသည့်...

(၁) မိုးပေါ်မှာ ကြယ်တစ်လုံး၊

(၂) အာကာတစ်ခွင် မြေပြင်တစ်ဝန်းတို့ကို ပြုစုခဲ့သည်။

၁၉၇၅–၇၉

ဂျပန်နိုင်ငံ၊ အိုဆာကာမြို့၊ အိုဆာကာ နိုင်ငံခြားဘာသာ ဘင် တက္ကသိုလ်တွင် မြန်မာစာ ဧည့်ပါမောက္ခအဖြစ် (၄)နှစ် ဘာဝန်ယူ၍ ဆောင်ရွက်ခဲ့သည်။

ထိုစဉ်အခါ...

(က) ပါမောက္ခဟာရာဒါနှင့် တွဲဖက်၍ အခြေခံမြန်မာ ဖတ်စာကို ပြုစုခဲ့သည်။

(ခ) ပါမောက္ခဟာရာဒါ၊ ဒုတိယပါမောက္ခအိုးနို တို့နှင့် တွဲဖက်၍ မြန်မာ–ဂျပန် အဘိဓာန် ဖြစ်မြောက်ရေး အတွက် ဆောင်ရွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ပါမောက္ခအိုးနီနှင့် တွဲဖက်၍ "မြန်မာစကားပြော ပဒေသာ"စာအုပ်ကို ပြုစုခဲ့သည်။

(ဃ) ပါမောက္ခဟာရာဒါနှင့် တွဲဖက်၍ "မြန်မာ့ကျေး လက် ကဗျာစု"စာအုပ်ကို ပြုစုခဲ့သည်။

(င) အိုဆာကာ နိုင်ငံခြားဘာသာသင်တက္ကသိုလ် စာ စောင်တွင် သုတေသနဆောင်းပါးပေါင်း(၃)စောင် ရေးသားဖော်ပြခဲ့သည်။

**၁၉၈၀**

ဂျပန် Haiku ကဗျာကို မြန်မာစာဖတ်ပရိသတ်နှင့် မိတ် ဆက်ပေးသော "ဟိုက္ကူကဗျာ မြည်းစရာ"စာအုပ်ကို ပြုစုခဲ့သည်။

**၁၉၈၃ ခုနှစ်**

၅၅၀ ဇာတ်တော်များကို ဘာသာပြန်ရာ၊ ၁၉၈၈ ခုနှစ် ခန်းတွင် ဇာတ်တော်(၂၄၀)ကျော် ဘာသာပြန် ပြီးစီးခဲ့သည်။

**၁၉၈၄**

ရှိတ်စပီးယား၏ လီယာမင်းကြီး (King Lear) ပြဇာတ်ကို မြန်မာဘာသာ ပြန်ဆိုခဲ့သော စာအုပ်အတွက် အမျိုးသား ဘာသာ ပြန်စာအုပ်(ရသ)ဆု ရရှိခဲ့သည်။ တရားတော်များမှာ ဂါထာပေါင်း (၄၂၃) ပုဒ်ကို ရွေးချယ်စုပေါင်းထားသည့် ဓမ္မပဒပါဠိတော်ကို



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြန်ဆိုရာ ၂-၈-၉၂ ရက်နေ့တွင် ပြီးစီးခဲ့သည်။ မန္တလေး ကြီးပွားရေးတိုက်မှ ၁၉၉၃ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

၁၉၉၇

ဆရာနိုင်ပန်းလှ ဦးဆောင်သည့် ဂျပန်ရောက် စာပေအနုပညာ မြတ်နိုးသည့် ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားများ၏ ထာဝရရန်ပုံငွေအဖွဲ့က ၂၀-၃-၉၇ ရက်နေ့တွင် အဖွဲ့၏ မြန်မာပြည်ကိုယ်စားလှယ်အဖြစ် ဒေါ်ခင်နှင်းယုမှ ဟာသ်ာရုပ်ပါ ရွှေတံဆိပ်နှင့် ကျပ်ငါးသိန်း ချီးမြှင့်ပူဇော်ခဲ့ပါသည်။

၂၀၀၃

ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် သောက်ရေသန့်စက်နှင့် အဆောက်အအုံကို တစ်သက်တာ စုဆောင်း ချွေးနည်းစာဖြင့် ၁၁-၉-၀၃ ရက်နေ့တွင် လှူဒါန်းခဲ့သည်။ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က သီးသန့်အဆောင်ဆောက်၍ "သပြေညို ရေချမ်းစင်"ဟု အမည်တပ်ကာ အလှူကို ကမ္ပည်းထိုး မှတ်တမ်းတင်ပေးခဲ့သည်။

၂၀၀၄

ဩဂုတ်လ ၁၅ ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၁:၃၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၁၈)၊ ဦးထွန်းလင်းခြံလမ်း "သပြေညို" နေအိမ်၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ကြည်



www.burmeseclassic.com

www.burmeseclassic.com



ကြည်နှင့် သား ဦးဉာဏ်စိုး၊ ဦးထင်ကျော်၊ သမီး ဒေါ်ထားချိုတို့ ကျန်ရစ်သည်။ ရုပ်ကလာပ်ကို ရေဝေး အကွက်အမှတ်(၅၁)တွင် ဂူသွင်းသဂြိုဟ်သည်။

ဆရာမင်းသုဝဏ်သည် ကွယ်လွန်ချိန်အထိ ကလောင်အမည်ကွဲ(၃၀)ခန့်ဖြင့် စာနယ်ဇင်းပေါင်း(၇၀)ခန့်တွင် ကဗျာ၊ ဆောင်းပါး၊ ပုံပြင်၊ ဝတ္ထု၊ စာတမ်းများ ရေးသားခဲ့သည်။ လုံးချင်းစာအုပ် (၅၀)ခန့်လည်း ပြုစုထုတ်ဝေခဲ့သည်။

ဆရာမင်းသုဝဏ်၏ အချို့သောကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို့ကို အင်္ဂလိပ်၊ ရုရှား၊ ဂျပန်၊ ချက်၊ ဂျာမန်၊ တရုတ်ဘာသာများသို့ ပြန်ဆိုခဲ့ကြသည်။

ကလေးသူငယ်များ သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်စိတ်၊ စူးစမ်းလေ့လာလိုစိတ် ဖြစ်ပေါ်စေရန် ငှက်အမျိုးပေါင်း(၃၀)ကျော်နှင့် စစ်လျှဉ်းသည့် ကဗျာများ စပ်ဆိုခဲ့သည်။ ငှက်အမည်၊ နေထိုင်လှုပ်ရှားမှု သဘာဝ၊ အစားအစာ၊ အရောင်အသွေး၊ အော်မြည်သံတို့ကို အလျဉ်းသင့်သလို ဖော်ပြပေးသည်။ မြန်မာအမည်အပြင် အနောက်တိုင်း အခေါ်အဝေါ်များကိုလည်း အလွယ်တကူ သိရှိဗဟုသုတ တိုးပွားစေရန် အောက်ခြေမှတ်စု (Foot note)များနှင့် ယှဉ်တွဲဖော်ပြပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမင်းသုဝဏ်၏
အခြားလူမှုရေး ဆောင်ရွက်ချက်များ

(၁) "ပြည်သူ့လွှတ်တော် အဆောက်အအုံ တည်ဆောက်ရေး ယဉ်ကျေးမှု အကြံပေးကော်မတီ" အဖွဲ့ဝင်၊
(၂) "မြန်မာစာကော်မရှင်"အဖွဲ့ဝင်၊
(၃) အချုပ်အခြာ မြန်မာနိုင်ငံတည်ထောင်မှုတွင် ကော်မတီပေါင်း (၁၃)မျိုး၌ အဖွဲ့ဝင်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

ဆရာမင်းသုဝဏ်၏ ကလောင်အမည်များ

(၁) စိန်ငွေန်းပျော်–မောင်ဝန်း
အာကာသန်းတပည့်
(၂) စိန်ငွေန်းပျော်
(၃) စိန်ငွေန်းပျော်၊ ကွမ်းခြံကုန်းမြို့
(၄) စိန်ငွေန်းပျော်မောင်ဝန်
(၅) စိန်ငွေန်းပျော်မောင်ဝန်၊ ကွမ်းခြံကုန်းမြို့
(၆) ကွမ်းခြံကုန်း–သုဝဏ်–၁၀ တန်း
(၇) မေဃဝန်
(၈) ကွမ်းခြံကုန်း–မေဃဖန်
(၉) မေဃဝန်၊ ကွမ်းခြံကုန်းမြို့
(၁၀) သုဝဏ်



www.burmeseclassic.com

www.burmeseclassic.com



(၁၁) မောင်သုဝဏ်
(၁၂) စန်းသော်တာ
(၁၃) ကွမ်းခြံကုန်း တောင်စုအစွန်က မောင်သုဝဏ်
(၁၄) ကွမ်းခြံကုန်း တောင်စုအလွန်က မောင်သုဝဏ်
(၁၅) မင်းသုဝဏ်
(၁၆) မြဝတ်ရည်
(၁၇) မြဝတ်ရည်–ဟံသာကျေး
(၁၈) ရွှေကညစ်
(၁၉) ခင်သိင်္ဂီ(ဟံသာဝတီ)
(၂၀) မွန်ကလေး
(၂၁) နောက်လိုက်
(၂၂) မောင်ရွှေချည်
(၂၃) ဦးဝန်
(၂၄) တက္ကသိုလ်မင်းသုဝဏ်
(၂၅) ဝါသဝ
(၂၆) အညတြ
(၂၇) ဝိန္ဓာမြတ်စို
(၂၈) ညို
(၂၉) သုတေသီ
(၃၀) မင်္ဂလာ
(၃၁) ဝေဠုသုမန



www.burmeseclassic.com

www.burmeseclassic.com



(၃၂) သိချင်သူ

(၃၃) ခလောက်တရာက ဝေသောကြာ

(၃၄) မောင်ရှုပ(ဟာသ်ဝတ္ထု)

(စာဆို မင်းသုဝဏ်၏ စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်းကို ဦးထင်ကျော် ပြုစုခဲ့ပြီး ၂၀၀၇ ဇူလိုင်လထုတ် ပိတောက်ပွင့်သစ် စာပေ အနုပညာမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။)

**ဆရာမင်းသုဝဏ် ရေးသားပြုစုခဲ့သော စာအုပ်များ**

(၁) ၁၉၃၄ – ခေတ်စမ်းပုံပြင်များ
သိပ္ပံမောင်ဝ၊ ဦးဇမောင်
ဇော်ဂျီ၊ ကုသတို့နှင့်တွဲဖက်

(၂) ၁၉၃၆ – မင်းသုဝဏ်

(၃) ၁၉၃၇ – ခေတ်စမ်းကဗျာများ
ဦးဇမောင်၊ ဦးသိန်းဟန်၊ ဦးညွန့်၊
ဦးတိုးအောင်၊ ဒေါ်ခင်စောမူ၊ ဦးဘ
သောင်း၊ ဦးစောမောင်မောင် တို့နှင့်
တွဲဖက်။

(၄) ၁၉၃၈ – အပိုမြန်မာစာဖတ်၊ စာအုပ်(၅)

(၅) ၁၉၄၀ – မောင်ချေးဖို့

(၆) ၁၉၄၁ – သပြေညိုနှင့် အခြားကဗျာများ

ဗိုးရာဇာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



(၇) ၁၉၄၃ – ဗမာ့သမိုင်းပုံပြင်များ
ဦးဘသောင်း၊ ဦးအုန်းဖေ၊ ဦးသိန်းတန်
တို့နှင့်တွဲဖက်

(၈) ၁၉၄၈ – စာပေလောက

(၉) ၁၉၅၁ – ဝိဇယပြဇာတ်အဖြေသစ်

(၁၀) ၁၉၅၂ – မြန်မာသတ်ညွှန်းကျမ်း

(၁၁) ၁၉၅၂ – ကလေးများအဖို့ ပုံပြင်ဝတ္ထုများ(ပ)
မူလတန်းအပိုဖတ်စာ

(၁၂) ၁၉၅၂ – ကလေးများအဖို့ ပုံပြင်ဝတ္ထုများ(ဒု)
မူလတန်းမြင့်အပိုဖတ်စာ

(၁၃) ၁၉၅၂ – ဦးကြင်ဥ၏ပါပဟိန်ပြဇာတ်
ဝိဇ္ဇာမြတ်စို(မင်းသုဝဏ်) ဖြေ၊
ပုလဲခက်(ဇော်ဂျီ)လေ့လာ

(၁၄) ၁၉၅၂–၆၄ – တက္ကသိုလ်မြန်မာစာ အဘိဓာန်(၅)တွဲ

(၁၅) ၁၉၅၃ – တွင်းသင်းမင်းကြီး၏အလိုကျ
ဘလ္လာတိယပျို့ခက်ဆစ်လေ့လာချက်

(၁၆) ၁၉၅၅ – (က) သုံးပွင့်ဆိုင် ခေတ်စမ်းစာပေ
သိပ္ပံမောင်ဝ၊ ဇော်ဂျီတို့နှင့် တွဲဖက်၊
(ခ) လူရွှန်း (တရုတ်–ဗမာချစ်ကြည်
ရေးအသင်းမှ ထုတ်ဝေ)



www.burmeseclassic.com

www.burmeseclassic.com



(၁၇) ၁၉၅၆ - သူငယ်တန်းမြန်မာဖတ်စာ
ဦးဖေမောင်တင်နှင့်တွဲဖက်

(၁၈) ၁၉၅၇ - ပထမတန်းမြန်မာဖတ်စာ
ဦးဖေမောင်တင်နှင့် တွဲဖက်

(၁၉) ၁၉၅၇ - ခေတ်မူလတန်း မြန်မာဖတ်စာ
ဦးဘနှင့် တွဲဖက်

(၂၀) ၁၉၅၈ - ဒုတိယတန်း မြန်မာဖတ်စာ
ဦးဘနှင့် တွဲဖက်

(၂၁) ၁၉၅၈ - စတုတ္ထတန်း မြန်မာဖတ်စာ
ဦးဘနှင့် တွဲဖက်

(၂၂) ၁၉၆၀ - မူလတန်းမြန်မာဖတ်စာ
ဦးဘနှင့် တွဲဖက်

(၂၃) ၁၉၆၁ - ပထမတန်းမြန်မာဖတ်စာ
ဦးဘနှင့် တွဲဖက်

(၂၄) ၁၉၆၁ - တွင်းသင်းမင်းကြီး၏ ဘဒ္ဒလတိယပျို့
ပါမောက္ခဦးဝန် ဖြေဆို

(၂၅) ၁၉၆၁ - ဦးပုညဝတ္ထု(၄)ပုဒ်
ပါမောက္ခဦးဝန် ဖြေဆို

(၂၆) ၁၉၆၂ - မေတ္တာနှင့်သစ္စာ

(၂၇) ၁၉၆၃ - တက္ကသိုလ်မြန်မာသတ်ညွှန်းကျမ်း



www.burmeseclassic.com

www.burmeseclassic.com



(၂၈) ၁၉၆၃ – ကဗျာ့ပရိယာယ်
မင်းယုဝေနှင့် တွဲဖက်
(၂၉) ၁၉၆၅ – ပန်းနှင့်ပင်စည်
(၃၀) ၁၉၆၅ – မြန်မာစာ မြန်မာမှု
(၃၁) ၁၉၆၅ – နှလုံးလှပုံပြင်များ
(၃၂) ၁၉၆၅ – ကဗျာရေးချင် စာစပ်သင်
(၃၃) ၁၉၆၅ – ခရီးသည်
ဇော်ဂျီနှင့် တွဲဖက်
(၃၄) ၁၉၆၆ – ဖိုးသူတော်ဦးမင်း၏ သဘာဝပြကွဒိန်
(၃၅) ၁၉၆၆ – ကလေးပုံပြင်များ (၂၄–ပုဒ်)
(၃၆) ၁၉၆၈ – ပျဉ်းမငုတ်တို
(၃၇) ၁၉၇၀ – ရေချမ်းစင်
(၃၈) ၁၉၇၃ – အင်းယားကန်သို့ အိုကုတို့
(၃၉) ၁၉၇၄ – မိုးပေါ်မှာ ကြယ်တစ်လုံး
(၄၀) ၁၉၇၄ – အာကာတစ်ခွင် မြေပြင်တစ်ဝန်း
(၄၁) ၁၉၇၆ – ခေတ်စမ်းပုံပြင်များ (ခ) ခေတ်စမ်းဝတ္ထုများ၊ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ ကုသတို့နှင့် တွဲဖက်
(၄၂) ၁၉၈၆ – မောင်ခွေးဖို့ (၄၅–ပုဒ်)
(၄၃) ၁၉၉၇ – မောင်ထွေးဖို့နှင့် မထွေးဖို့ကဗျာများ

www.burmeseclassic.com

www.burmeseclassic.com



(၄၄) ၁၉၉၇ - မင်းသုဝဏ်ကဗျာပေါင်းချုပ်
(၄၅) ၁၉၉၉ - ခေတ်စမ်း၏ပန်းသုံးပွင့်ရနံ့များ
သိပ္ပံမောင်ဝ၊ ဇော်ဂျီနှင့် တွဲဖက် ၆
(၄၆) ၂၀၀၁ - ၉၂ နှစ်ပြည့် မွေးနေ့အမှတ်တရကဗျာများ
(၄၇) ၂၀၀၂ - မင်းသုဝဏ်၏ဝတ္ထုတိုများ
(၄၈) ၂၀၀၄ - ကလေးပုံပြင်များ
(၄၉) ၂၀၀၄ - မြန်မာစာပေပညာရှင် ဘွင်းသင်းမင်းကြီး
(၅၀) ၂၀၀၅ - သီချင်းသည်ချိုးကလေးနှင့်
နှလုံးလှပုံတိုပတ်စများ
(၅၁) ၂၀၀၆ - မြန်မာစာအုပ်ဝေဖန်ချက်များ
(၅၂) ၂၀၀၇ - ကလေးများအဖို့ ပုံပြင်ဝတ္ထုများ

## အင်္ဂလိပ်ဘာသာနှင့် ပြုစုသော စာအုပ်စာတမ်းများ

(1) 1938 - Development of the Burmese Language in the Medieval Period.
(2) 1956 - Some Problems of a lexicography in Buramese.
(3) 1974 - A Translation of Three Shield-Dance Songs Attributed to the Lord of Myinzaing.



www.burmeseclassic.com

www.burmeseclassic.com



(4) 1977 - Some Burmese Poems Depicitin Burmese Life.

(5) 1977 - Taytu- The ancient name of Peking In a Burmese Lithic Inscription of Pagan

(6) 1978 - Spoonerism in Burmese (Myanmar)

ဘာသာပြန်လုံးချင်းစာအုပ်များ

(၁) ၁၉၈၀ - ဟိုက္ကူကဗျာ မြည်းစရာ

(၂) ၁၉၈၄ - လီယာမင်းကြီး

(၃) ၁၉၈၉ - ၅၅၀ ဇာတ်ပင်လယ်(ပ)

(၄) ၁၉၈၉ - ၅၅၀ ဇာတ်ပင်လယ်(ဒု)

(၅) ၁၉၉၀ - ရာဘင်ဒြာနတ်တဂိုး စာပဒေသာ

(၆) ၁၉၉၂ - ဓမ္မပဒ

(၇) ၁၉၉၄ - နိုင်ငံရပ်ခြား ယဉ်ကျေးမှုဝတ္ထုတိုများ

ရေးသားတည်းဖြတ်သော စာအုပ်များ

(၁) ၁၉၃၆ - ဂါမဏိစန္ဒာပျို့ (ဆီးမီးခံရွာစား-ဦးရွှန်း)

(၂) ၁၉၄၃ - ဗမာ့သမိုင်းပုံပြင်များ ဦးသိန်းဟန်နှင့် ပူးတွဲတည်းဖြတ်



www.burmeseclassic.com

www.burmeseclassic.com



(၃) ၁၉၄၇ – မာလာမြိုင်ကဗျာများ – ငွေတာရီ
(၄) ၁၉၅၀ – ရတနာကဗျာများ – မင်းယုဝေ၊ ငွေတာရီ
(၅) ၁၉၅၀ – အလယ်တန်းမြန်မာစာဖြေနည်း (ခေါ်)
– ၅၉ အလယ်တန်းကျောင်းသုံး မြန်မာစကားပြေနှင့် ကဗျာကောက်နုတ်ချက် အဖြေပေါင်းချုပ်။
(၆) ၁၉၅၅ – ရခိုင်သူမြတ် လောကသာရပျို့ အဖြေဘိဓာန်
(၇) ၁၉၅၆ – ကလေးများအဖို့ ဗုဒ္ဓဝင် – နုယဉ်
(၈) ၁၉၅၉ – ရှင်ဥက္ကံသမာဏီ–တောင်သူဆိုရတုအဖြေ
(၉) ၁၉၆၄ – ရှင်ဥတ္တမကျော်တောလားနှင့် လက်ဝဲသုန္ဒရရတုများ။
(၁၀) ၁၉၆၄ – ကဗျာ့ဥယျာဉ်
ဇော်ဂျီ၊ ဦးဘတို့နှင့် တွဲဖက်
(၁၁) ? – ဂီတဥယျာဉ်
ဇော်ဂျီ၊ တက္ကသိုလ်ထင်ကြီးတို့နှင့် တွဲဖက်
(၁၂) ၁၉၆၈ – ရှင်မဟာရဋ္ဌသာရ၏ ပကိဏ္ဏကစာစု
ဦးအုန်းရွှေနှင့် တွဲဖက်
(၁၃) ၁၉၇၄ – ရခိုင်ရှင်သီလဝံသ – ဂဝိဂန္ထကျမ်း



www.burmeseclassic.com

www.burmeseclassic.com



(၁၄) ၁၉၇၉ — မြန်မာ–ဂျပန် အဘိဓာန် ပါမောက္ခအိုနိုနှင့် ပါမောက္ခဟာရာဒါတို့အား ကူညီပြုစု။

၀





www.burmeseclassic.com

www.burmeseclassic.com



## သမ္မတဦးထင်ကျော်၏
## လွှတ်တော်မိန့်ခွန်း

လေးစားအပ်တဲ့ ပြည်ထောင်စုလွှတ်တော် နာယကကြီးနှင့် အကွ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ် စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ မေတ္တာပို့သအပ် ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေ အတွက်၊ အမည်နဲ့ ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်ခြင်းတို့ ကို ပြည်ထောင်စုလွှတ်တော်ကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ဒီကိစ္စနဲ့စပ်လျဉ်းပြီး ထောက်ခံဆွေးနွေးကြတဲ့ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များကို လည်းကောင်း၊ ဆွေးနွေးခြင်း မပြုကြသော်လည်း ဝိုင်းဝန်းထောက်ခံခဲ့ကြသော ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များကို ကျေးဇူးတင်စကား ပြောကြား ပါတယ်။

လက်ရှိ ပကတိအခြေအနေအရ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ခြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီး ဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့ ကို မူလအတိုင်းပဲ ထားရှိထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ တချို့ဝန်ကြီးဌာနတွေကတော့ အမျိုးတူ၊ ဘာသာရပ်တူ၊ လုပ် ငန်းသဘောတူ ဖြစ်တာကြောင့် ပေါင်းစပ်ဖွဲ့စည်းခြင်းလည်း ရှိပါ တယ်။ ဒါတွေကတော့ သမ္မတရုံးဝန်ကြီးဌာန ခြောက်ခုကိုတစ်ခု တည်းထားရှိခြင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန သုံးခုကို ပေါင်းစည်းပြီး ဝန်ကြီးဌာနတစ်ခုအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနတို့ကို ဝန်ကြီး ဌာနတစ်ခုအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ သတ္တုတွင်းဝန်ကြီးဌာန နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန နှစ်ခုကို ဝန်ကြီးဌာနတစ်ခုအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ လျှပ်စစ် ဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနနှစ်ခုတို့ကို ဝန်ကြီးဌာနတစ်ခု အဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှု ဖူလုံရေးဝန်ကြီးဌာန နှစ်ခုကို ဝန်ကြီးဌာနတစ်ခုအဖြစ် ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စည်းခြင်း၊ သာသနာရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနတို့ကို ပေါင်းစပ်ဖွဲ့စည်းပြီး သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနဟု ပြောင်းလဲခေါ်ဝေါ်ဖွဲ့စည်းခြင်း၊ အားကစားဝန်ကြီး ဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနနှစ်ခုကို ဝန်ကြီးဌာနတစ်ခုအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်း၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာန နှစ်ခုကို ဝန်ကြီးဌာနတစ်ခုအဖြစ် ပေါင်းစပ် ဖွဲ့စည်းခြင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီးဌာနနှစ်ခုကို ဝန်ကြီး ဌာနတစ်ခုအဖြစ် ပေါင်းစပ်ဖွဲ့စည်းခြင်းတို့ကို ပြုလုပ်ခဲ့ပါတယ်။

ထို့အပြင် တိုင်းရင်းသားများအားလုံး လက်တွဲမဖြုတ်စ ထမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်း ချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစဉ်တည်တံ့ခိုင်မြဲရေး အတွက် မရှိမဖြစ် လိုအပ်နေတဲ့ တိုင်းရင်းသားရေးရာဝန်ကြီးဌာန တစ်ခုကိုလည်း ဖွဲ့စည်းထားပါတယ်။

ဒီနေရာမှာ တချို့ဝန်ထမ်းများက ဝန်ကြီးဌာနများ လျော့ နည်းသွားလို့ အလုပ်လက်မဲ့ ဖြစ်သွားမှာကို စိုးရိမ်ကြောင်း ကြား သိရပါတယ်။ ဝန်ကြီးဌာနများကို ပေါင်းစည်းလိုက်ခြင်းအားဖြင့် ဝန်ကြီးဌာနနဲ့ ဝန်ကြီးဦးရေ လျော့နည်းသွားတာသာ ရှိပါတယ်။ ဝန်ထမ်းများကို သင့်တော်သလို ပြောင်းရွှေ့နေရာချထားပေးခြင်း အားဖြင့် အလုပ်အကိုင် လုံခြုံမှုပေးမှာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန် ထမ်းများအနေနဲ့ ဥပဒေစည်းမျဉ်းစည်းကမ်းများနဲ့ ညီညွတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ အလုပ်မျိုးကိုသာ လုပ်ကိုင်မယ်ဆိုပါက အလုပ်လက်မဲ့ဖြစ်စရာအကြောင်း လုံးဝမရှိပါကြောင်းကို ပြောကြားလိုပါတယ်။ အခုလို ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နဲ့ ပြည်ထောင်စုဝန်ကြီးဦးရေ လျှော့နည်းသွားခြင်းအားဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာမှာဖြစ်စေ၊ အစိုးရရဲ့မူဝါဒများကို ဖော်ဆောင်ရာမှာဖြစ်စေ အချိန်နှောင့်နှေးကြန့်ကြာမှုတွေ၊ မလိုအပ်ဘဲ ငွေကြေးကုန်ကျမှုတွေများစွာ လျှော့နည်းသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် လျှော့နည်းသွားတဲ့ ဝန်ကြီးများရဲ့လစာငွေနဲ့ အဆောင်အယောင် အသုံးစရိတ်ဟာ အစိုးရငါးနှစ်သက်တမ်းအတွင်း သန်းပေါင်းငါးထောင်ခန့်နိုင်ငံအတွက် ခြိုးခြံချွေတာပြီးလည်း ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့နိုင်ငံဟာ ပြည်သူ့ဘဏ္ဍာငွေသုံးစွဲမှုကို တတ်နိုင်သမျှ လျှော့နည်းသက်သာစေနိုင်ပါမှ အတတ်နိုင်ဆုံး ခြိုးခြံချွေတာနိုင်မှ နိုင်ငံတော်ဘဏ္ဍာငွေများ စုဆောင်းနိုင်ပြီး ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်နိုင်မှာ ဖြစ်ပါတယ်။ နောင်မျိုးဆက်များအတွက် နိုင်ငံဘဏ္ဍာအရန်ငွေများ ချန်ထားနိုင်ခဲ့ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။ အဆိုပါ နိုင်ငံဘဏ္ဍာငွေများကိုလည်း လေလွင့်ဆုံးရှုံးမှု မရှိစေဘဲ ပိုနေတဲ့နေရာမှသည်လိုနေတဲ့ နေရာဆီသို့ ပြည်သူလူထု လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးအတွက် မျှဝေပေးနိုင်မှာ ဖြစ်ပါတယ်။ ဥပမာ လျှော့လိုက်တဲ့ ဝန်ကြီးများရဲ့ သန်းပေါင်းငါးထောင်ခန့်ရှိတဲ့ လစာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆောင်အယောင် စရိတ်များကို နိုင်ငံတော်မှာ လိုအပ်နေတဲ့ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့မှာ ပိုမိုသုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးရေး၊ အဂတိကင်းစင်သော လူ့အသိုင်းအဝိုင်းကို ဖော်ဆောင်ရေး၊ အမျိုးသားအကျိုးစီးပွားကို ရှေးရှုရေး၊ ပြည်သူ့ဘဏ္ဍာငွေများ ခြိုးခြံချွေတာရေးနဲ့ ရှမ်းဆောင်ရည် ပြည့်ဝ၍ ကျစ်လျစ်ခိုင်မာသော ပြည်ထောင်စုအစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ရေးကိစ္စတို့ကို ဦးတည်၍ ဆောင်ရွက်ပါကြောင်း ပြည်ထောင်စုလွှတ်တော်ကြီးသို့ အလေးအနက်ရှင်းလင်းတင်ပြအပ်ပါသည်ခင်ဗျာ...။

ကျေးဇူးတင်ပါတယ်...။

၀

www.burmeseclassic.com

www.burmeseclassic.com



မတ်လ ၃၀ ရက် ညနေ ၆ နာရီက နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် သမ္မတကတော် ဒေါ်စုစုလွင်တို့က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ မြန်မာနိုင်ငံရေးကိုဦးဆောင်သူ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် ပြုံးရွှင်စွာတက်ရောက်လာစဉ်(ဓာတ်ပုံ - M

www.burmeseclassic.com



## ပြည်ထောင်စုဝန်ကြီးသစ်များ၏ကိုယ်ရေးအကျဉ်း



| | | |
|---|---|---|
| အမည် | – | ဒေါ်အောင်ဆန်းစုကြည် |
| တာဝန်ယူမည့်ဝန်ကြီးဌာန | – | နိုင်ငံခြားရေးဝန်ကြီးဌာန<br>သမ္မတရုံးဝန်ကြီးဌာန |
| အသက် | – | ၇၀ နှစ် (၁၉–၆–၁၉၄၅) |
| လူမျိုး/ဘာသာ | – | ဗမာ၊ ဗုဒ္ဓဘာသာ |
| ပညာအရည်အချင်း | – | M.A(Oxford) |



www.burmeseclassic.com

www.burmeseclassic.com



**ထမ်းဆောင်ခဲ့သည့်တာဝန်** - ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့၊ ဘူတန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဘာသာသနအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့၊ ဂျပန်နိုင်ငံ၊ တိုကျိုတက္ကသိုလ်တွင် ဧည့်ပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့၊ Indian Institue of Advance Studies Simla တွင် ဧည့်ပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတွင် ၁၉၈၈ မှ ၂၀၁၂ အထိ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ၂၀၁၃ မှ လက်ရှိအချိန်အထိ ပါတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၁၉၉၁ တွင် နိုဗယ်ငြိမ်းချမ်းရေးဆုနှင့် ၂၀၁၂ တွင် Commander De Lefiond' Honor ချီးမြှင့်ခြင်း ခံရသည်။

**အိမ်ထောင်ရေးအခြေအနေ** - ခင်ပွန်း(ကွယ်လွန်)၊ သားနှစ်ဦးရှိ

**ကိုယ်စားပြုအဖွဲ့အစည်း** - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

○



www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| အမည် | – | နိုင်သက်လွင် |
| တာဝန်ယူမည့်ဝန်ကြီးဌာန | – | တိုင်းရင်းသားရေးရာ ဝန်ကြီးဌာန |
| အသက် | – | ၇၅ နှစ် (၂၀–၁၀–၁၉၄၀) |
| လူမျိုး/ဘာသာ | – | မွန်–ဗုဒ္ဓဘာသာ |
| ပညာအရည်အချင်း | – | B.A(Philosophy) |
| ထမ်းဆောင်ခဲ့သည့်တာဝန် | – | ကျောင်းဆရာ၊ မွန်အမျိုးသား အရေး တက်ကြွလှုပ်ရှားသူ။ |
| အိမ်ထောင်ရေးအခြေအနေ | – | ဇနီးနှင့် သားသမီး လေးဦးရှိ |
| ကိုယ်စားပြု အဖွဲ့အစည်း | – | မွန်အမျိုးသားပါတီ |

○



www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| **အမည်** | – | ဦးကျော်ဝင်း |
| **တာဝန်ယူမည့်ဝန်ကြီးဌာန** | – | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| **အသက်** | – | ၆၈ နှစ် (၂၃-၂-၁၉၄၈) |
| **လူမျိုး/ဘာသာ** | – | ဗမာ-ဗုဒ္ဓဘာသာ |
| **ပညာအရည်အချင်း** | – | ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ B.Ecom ဘွဲ့ ရရှိခဲ့ပြီး Brooklyn Park University, USA နှင့် Certified Master of Business Consultant, GAFM. USA တို့မှ Ph.D, Master of Busiess Consultant ဘွဲ့များ ရရှိခဲ့ပါသည်။ |



www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်ခဲ့သည့်တာဝန် - ၁၉၇၂ မှ ၁၉၉၂ အထိ စီမံကိန်းမှူး၊ ၁၉၉၂ မှ ၁၉၉၇ အထိ အခွန်ဦးစီးမှူးတာဝန်များကိုထမ်းဆောင်ခဲ့ပြီး ၁၉၉၇ မှ ယနေ့အထိ စီးပွားရေးအကြံပေးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

အိမ်ထောင်ရေးအခြေအနေ - ဇနီးနှင့် သားသမီး သုံးဦးရှိ

ကိုယ်စားပြု အဖွဲ့အစည်း - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

○



www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| **အမည်** | – | ဒေါက်တာဖေမြင့် |
| **တာဝန်ယူမည့်ဝန်ကြီးဌာန** | – | ပြန်ကြားရေးဝန်ကြီးဌာန |
| **အသက်** | – | ၆၇ နှစ် (၁၅–၁၂–၁၉၄၉) |
| **လူမျိုး/ဘာသာ** | – | ရခိုင်–ဗုဒ္ဓဘာသာ |
| **ပညာအရည်အချင်း** | – | M.B.,B.S (Ygn) |
| **ထမ်းဆောင်ခဲ့သည့်တာဝန်** | – | ၁၉၇၇ မှ ၁၉၇၈ အထိ အထွေထွေရာဂါကု ဆရာဝန်အဖြစ် ဆောင်ရွက်ခဲ့၊ ထို့နောက် ၁၉၈၈ အထိ ပြင်ပအထွေထွေရောဂါကု ဆရာဝန်အဖြစ်ဆောင်ရွက်ခဲ့သည် |
| **အိမ်ထောင်ရေးအခြေအနေ** | – | ဇနီးနှင့် သားသမီး နှစ်ဦးရှိ |
| **ကိုယ်စားပြု အဖွဲ့အစည်း** | – | ပြင်ပပညာရှင် |

○

www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| **အမည်** | – | ဒေါက်တာအောင်သူ |
| **တာဝန်ယူမည့်ဝန်ကြီးဌာန** | – | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| **အသက်** | – | ၆၀ နှစ် (၈–၇–၁၉၅၅) |
| **လူမျိုး/ဘာသာ** | – | ဗမာ–ဗုဒ္ဓဘာသာ |
| **ပညာအရည်အချင်း** | – | Ph.D, ပါမောက္ခချုပ်(ငြိမ်း) |
| **ထမ်းဆောင်ခဲ့သည့်တာဝန်** | – | နည်းပြမှ ပါမောက္ခချုပ်အဆင့်အထိ ပညာရေးဝန်ကြီးဌာနလက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ |
| **အိမ်ထောင်ရေးအခြေအနေ** | – | ဇနီးနှင့် သမီးတစ်ဦးရှိ |
| **ကိုယ်စားပြု အဖွဲ့အစည်း** | – | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |

○



www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| အမည် | – | ဦးဝင်းခိုင် |
| တာဝန်ယူမည့်ဝန်ကြီးဌာန | – | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| အသက် | – | ၆၅ နှစ် (၁၃–၁၂–၁၉၅၀) |
| လူမျိုး/ဘာသာ | – | ဗမာ–ဗုဒ္ဓဘာသာ |
| ပညာအရည်အချင်း | – | B.E(Mechanical) |
| ထမ်းဆောင်ခဲ့သည့်တာဝန် | – | မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်။ |
| အိမ်ထောင်ရေးအခြေအနေ | – | ဇနီးနှင့် သမီးတစ်ဦးရှိ |
| ကိုယ်စားပြု အဖွဲ့အစည်း | – | ပြင်ပပညာရှင် |

○



www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| အမည် | – | သူရဦးအောင်ကို |
| တာဝန်ယူမည့်ဝန်ကြီးဌာန | – | ယဉ်ကျေးမှုနှင့် သာသနာရေး ဝန်ကြီးဌာန |
| အသက် | – | ၆၈ နှစ် (၄–၁–၁၉၄၈) |
| လူမျိုး/ဘာသာ | – | ဗမာ–ဗုဒ္ဓဘာသာ |
| ပညာအရည်အချင်း | – | B.Sc(D.S.A) |

**ထမ်းဆောင်ခဲ့သည့်တာဝန်** – ၁၉၆၉ မှ ၁၉၉၇ အထိ တပ်မတော်တွင် ဗိုလ်မှူးချုပ် အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့၊ ၁၉၉၇ မှ ၂၀၁၀ အထိ သာသနာ ရေးဝန်ကြီးဌာန ဒုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့

| | | |
|---|---|---|
| အိမ်ထောင်ရေးအခြေအနေ | – | ဇနီးနှင့် သားသမီးသုံးဦးရှိ |
| ကိုယ်စားပြု အဖွဲ့အစည်း | – | USDP |

O



www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| အမည် | – | ဦးခင်မောင်ချို |
| တာဝန်ယူမည့်ဝန်ကြီးဌာန | – | စက်မှုဝန်ကြီးဌာန |
| အသက် | – | ၆၆ နှစ် (၃–၁၁–၁၉၅၀) |
| လူမျိုး/ဘာသာ | – | ဗမာ–ဗုဒ္ဓဘာသာ |
| ပညာအရည်အချင်း | – | B.E(Mechanical) |
| ထမ်းဆောင်ခဲ့သည့်တာဝန် | – | Exective Engineer, Super Seven Star Motors Industry ကုမ္ပဏီလီမိတက် |
| အိမ်ထောင်ရေးအခြေအနေ | – | ဇနီးရှိ |
| ကိုယ်စားပြု အဖွဲ့အစည်း | – | ပြင်ပ ပညာရှင် |

○



www.burmeseclassic.com

www.burmeseclassic.com





**အမည်** – ဦးအုန်းဝင်း

**တာဝန်ယူမည့်ဝန်ကြီးဌာန** – သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**အသက်** – ၆၅ နှစ် (၁၁–၁၁–၁၉၅၁)

**လူမျိုး/ဘာသာ** – ဗမာ–ဗုဒ္ဓဘာသာ

**ပညာအရည်အချင်း** – အမေရိကန်ပြည်ထောင်စု၊ Colorado Satte University မှ

ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့ ရရှိခဲ့။

**ထမ်းဆောင်ခဲ့သည့်တာဝန်** – ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) သစ်တောတက္ကသိုလ်

**အိမ်ထောင်ရေးအခြေအနေ** – ဇနီးနှင့် သားသမီးသုံးဦးရှိ

**ကိုယ်စားပြု အဖွဲ့အစည်း** – ပြင်ပ ပညာရှင်

○



www.burmeseclassic.com

www.burmeseclassic.com





**အမည်** – ဦးသန့်စင်မောင်
**တာဝန်ယူမည့်ဝန်ကြီးဌာန** – ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
**အသက်** – ၆၃ နှစ် (၁၅–၁၁–၁၉၅၃)
**လူမျိုး/ဘာသာ** – ဗမာ–ဗုဒ္ဓဘာသာ
**ပညာအရည်အချင်း** – M.Sc(Maths)
**ထမ်းဆောင်ခဲ့သည့်တာဝန်** – နည်းပြဆရာအဖြစ် သင်္ချာဌာန (ပုသိမ်ကောလိပ်၊ ရန်ကုန်တက္ကသိုလ်)တွင် လည်းကောင်း၊ လက်ထောက်ပို့ဆောင်ရေးမန်နေဂျာမှ အထွေထွေမန်နေဂျာအထိ မြန်မာ့မီးရထားတွင်လည်းကောင်း လုပ်ကိုင်ခဲ့ပါသည်။
**အိမ်ထောင်ရေးအခြေအနေ** – ဇနီးနှင့် သားသမီးသုံးဦးရှိ
**ကိုယ်စားပြု အဖွဲ့အစည်း** – အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

○



www.burmeseclassic.com

www.burmeseclassic.com





အမည် - ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ
တာဝန်ယူမည့်ဝန်ကြီးဌာန - ပြည်ထဲရေးဝန်ကြီးဌာန
အသက် - ၅၆ နှစ် (၂၇-၁၁-၁၉၅၉)
လူမျိုး/ဘာသာ - ဗမာ-ဗုဒ္ဓဘာသာ
ပညာအရည်အချင်း - စစ်တက္ကသိုလ် အမှတ်စဉ်(၂၂)
ထမ်းဆောင်ခဲ့သည့်တာဝန် - တပ်မ(၂၂) တပ်မမှူး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အမှတ်(၅)ကစထမှူး၊ စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်နှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။
အိမ်ထောင်ရေးအခြေအနေ - ဇနီးရှိ
ကိုယ်စားပြု အဖွဲ့အစည်း - တပ်မတော်

○



www.burmeseclassic.com

www.burmeseclassic.com





**အမည်** – ဒေါက်တာမြင့်ထွေး
**တာဝန်ယူမည့်ဝန်ကြီးဌာန** – ကျန်းမာရေးဝန်ကြီးဌာန
**အသက်** – ၆၈ နှစ် (၂၄–၉–၁၉၄၈)
**လူမျိုး/ဘာသာ** – ဗမာ–ဗုဒ္ဓဘာသာ
**ပညာအရည်အချင်း** – M,B.,B.S. DP & TM, Dr. PH (international Health/ Epidemiolotgy), John Hopkins University. MPH (Epidemiology), University of Philippines, Institute of Public Helath.

**ထမ်းဆောင်ခဲ့သည့်တာဝန်** – ၁၉၇၆ မှ ၁၉၉၄ အထိ ကျန်းမာရေးဝန်ကြီးဌာန၊ ၂၀၀၆ မှ ၂၀၁၀ အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့၊ Myanmar Liver Foundation ၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးအခြေအနေ - ဇနီးနှင့် သားသမီးနှစ်ဦးရှိ

ကိုယ်စားပြု အဖွဲ့အစည်း - ပြင်ပ ပညာရှင်



ဖိုးရာဇာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| အမည် | – | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် |
| တာဝန်ယူမည့်ဝန်ကြီးဌာန | – | နယ်စပ်ရေးရာဝန်ကြီးဌာန |
| အသက် | – | ၅၅ နှစ် ၉ လ (၈–၆–၁၉၆ |
| လူမျိုး/ဘာသာ | – | ဗမာ–ဗုဒ္ဓဘာသာ |
| ပညာအရည်အချင်း | – | စစ်တက္ကသိုလ် အပတ်စဉ်(၂ |
| ထမ်းဆောင်ခဲ့သည့်တာဝန် | – | စစ်ဥပဒေချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ |
| အိမ်ထောင်ရေးအခြေအနေ | – | ဓနီးရှိ |
| ကိုယ်စားပြု အဖွဲ့အစည်း | – | တပ်မတော် |

○



www.burmeseclassic.com

www.burmeseclassic.com





**အမည်** – ဦးသိန်းဆွေ

**တာဝန်ယူမည့်ဝန်ကြီးဌာန** – အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

**အသက်** – ၆၇ နှစ် (၄–၈–၁၉၄၉)

**လူမျိုး/ဘာသာ** – ဗမာ–ဗုဒ္ဓဘာသာ

**ပညာအရည်အချင်း** – B.Sc(D.S.A), Diploma in Defense Studies (NDC), Honorary Acadmic Doctorate, JIMSTF)

**ထမ်းဆောင်ခဲ့သည့်တာဝန်** – ၁၉၆၇ မှ ၂၀၀၃ အထိ တပ်မတော်တွင် ဗိုလ်ချုပ်အဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့။ ၂၀၀၃ မှ ၂၀၁၀ အထိ ပို့ဆောင်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးအခြေအနေ – ဇနီးနှင့် သားသမီးနှစ်ဦးရှိ
ကိုယ်စားပြု အဖွဲ့အစည်း – USDP

၀




www.burmeseclassic.com

www.burmeseclassic.com





အမည် – ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း
တာဝန်ယူမည့်ဝန်ကြီးဌာန – ကာကွယ်ရေးဝန်ကြီးဌာန
အသက် – ၅၉ နှစ် (၂၄–၇–၁၉၅၆)
လူမျိုး/ဘာသာ – ဗမာ–ဗုဒ္ဓဘာသာ
ပညာအရည်အချင်း – ဗိုလ်သင်တန်းကျောင်း အပတ်စဉ် (၅၄)ဆင်း
ထမ်းဆောင်ခဲ့သည့်တာဝန် – စကခ(၁၇)၊ သိပ္ပံနှင့်နည်းပညာဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့၊ လေကြောင်းရန် ကာကွယ်ရေးအရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့၊ ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့။
အိမ်ထောင်ရေးအခြေအနေ – ဇနီးရှိ
ကိုယ်စားပြု အဖွဲ့အစည်း – တပ်မတော်

○



www.burmeseclassic.com

www.burmeseclassic.com





**အမည်** – ပါမောက္ခ ဒေါက်တာဦးဝင်းမြတ်အေး

**တာဝန်ယူမည့်ဝန်ကြီးဌာန** – လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

**အသက်** – ၆၁ နှစ် (၁–၆–၁၉၅၄)

**လူမျိုး/ဘာသာ** – ဗမာ–ဗုဒ္ဓဘာသာ

**ပညာအရည်အချင်း** – M.B.,B.S, M.Med.Sc(Paed), Dr. Med.Sc(Paed), FRCP(Glasgow) MACTM(Australia), Dip. Med. Edu.

**ထမ်းဆောင်ခဲ့သည့်တာဝန်** – ၁၉၈၈ မှ ၂၀၁၅ အထိ ဒေါက်ထောက်ဆရာဝန်မှ ပါမောက္ခချုပ်(ကလေးအထူးကုဆရာဝန်ကြီး) အဖြစ် ကျန်းမာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့၊ "ကမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆင့်လက်များ"ပရိဟိတအဖွဲ့ကို စတင်ဖွဲ့စည်းကာ မြန်မာနိုင်ငံ ပညာရေးမြှင့်တင်မှု အင်္ဂါင်းအထည်ဖော်ရေးကော်မတီ၏ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်၊ မြန်မာနိုင်ငံဆရာစန်အသင်း ဗဟိုကော်မတီနှင့် ပညာရေးရာကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည်။

**အိမ်ထောင်ရေးအခြေအနေ** – ဇနီးနှင့် သားတစ်ဦးရှိ

**ကိုယ်စားပြု အဖွဲ့အစည်း** – အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

○



www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| **အမည်** | – | ဦးအုန်းမောင် |
| **တာဝန်ယူမည့်ဝန်ကြီးဌာန** | – | ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန |
| **အသက်** | – | ၆၉ နှစ် (၂၀–၇–၁၉၄၇) |
| **လူမျိုး/ဘာသာ** | – | အင်း+ရှမ်း–ဗုဒ္ဓဘာသာ |
| **ပညာအရည်အချင်း** | – | ရူပဗေဒ(ဒုတိယနှစ်) |

**ထမ်းဆောင်ခဲ့သည့်တာဝန်** – ၁၉၉၀ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်အဖြစ် ညောင်ရွှေမြို့နယ်၊ အမှတ်(၂)ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းရှင်။

| | | |
|---|---|---|
| **အိမ်ထောင်ရေးအခြေအနေ** | – | ဇနီးနှင့် သားသမီးနှစ်ဦးရှိ |
| **ကိုယ်စားပြု အဖွဲ့အစည်း** | – | ပြင်ပပညာရှင် |

○



www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| အမည် | – | ဦးမျိုးသိန်းကြီး |
| တာဝန်ယူမည့်ဝန်ကြီးဌာန | – | ပညာရေးဝန်ကြီးဌာန |
| အသက် | – | |
| လူမျိုး/ဘာသာ | – | |
| ပညာအရည်အချင်း | – | |
| ထမ်းဆောင်ခဲ့သည့်တာဝန် | – | |
| အိမ်ထောင်ရေးအခြေအနေ | – | |
| ကိုယ်စားပြု အဖွဲ့အစည်း | – | |

www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| အမည် | – | ဦးဖေခင်ထွန်း |
| တာဝန်ယူမည့်ဝန်ကြီးဌာန | – | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| အသက် | – | |
| လူမျိုး/ဘာသာ | – | |
| ပညာအရည်အချင်း | – | |
| ထမ်းဆောင်ခဲ့သည့်တာဝန် | – | |
| အိမ်ထောင်ရေးအခြေအနေ | – | |
| ကိုယ်စားပြု အဖွဲ့အစည်း | – | |

○



www.burmeseclassic.com

www.burmeseclassic.com



# ကတိသစ္စာခံယူပွဲ
# နှင့်
# သမ္မတအာဏာလွှဲပြောင်းပွဲ
# ပုံရိပ်များ

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၁၃ ရက် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသည့်နေ့တွင် ပြည်သူလူထုနှင့် တွေ့ဆုံစဉ်။

www.burmeseclassic.com



နိုင်ငံတော်သမ္မတဦးထင်ကျော်
မိန့်ခွန်း



www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်နာယကကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တက်ရောက်လာသော ဂုဏ်သရေရှိ ဧည့်သည်တော်များနဲ့ နိုင်ငံသူ နိုင်ငံသားများ ခင်ဗျာ၊ ဒီပြည်ထောင်စုလွှတ်တော်က ကျွန်တော့်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရတာဟာ အထင်ကရ သမိုင်းဝင်ဖြစ်ရပ်ကြီးတစ်ခု ဖြစ်တဲ့အတွက် ကျွန်တော် များစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

နိုင်ငံတော်သမ္မတ ဖြစ်လာတာနဲ့အညီ ကျွန်တော်က ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံရမယ့်ပုဂ္ဂိုလ် ဖြစ်လာပါတယ်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလရွေးကောက်ပွဲရလဒ်ကြောင့် ဖြစ်ထွန်းလာတဲ့ ဒုတိယအကြိမ် လွှတ်တော်နဲ့ အစိုးရအဖွဲ့များဟာ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒများနဲ့ ကိုက်ညီစွာ ဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။ ယခု အစိုးရသစ်အနေဖြင့် အောက်ပါ မူဝါဒများဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးတို့ကို ရှေးရှုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ပေါ်ပေါက်ရေးနဲ့ ပြည်သူလူထုအများစုရဲ့ လူနေမှု ဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်နာယကကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာသော ဂုဏ်သရေရှိ ဧည့်သည်တော်များနှင့် နိုင်ငံသူ နိုင်ငံသားများခင်ဗျာ...။




www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဒီအခါချိန်မှာ လေးနက်စွာ တင်ပြလိုတဲ့ အချက်တစ်ခု ရှိပါတယ်။ ဒီအချက်ကတော့ မကြာမီကပဲ ကျွန်တော်ဟာ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီကတိသစ္စာကို ထိန်းသိမ်းစောင့်ရှောက်ရမယ့် တာဝန်ရှိကြောင်းကိုလည်း အစဉ်သတိချပ်နေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်နဲ့ သင့်တော်မယ့် ဒီမိုကရေစီ စံချိန်စံညွှန်းများနဲ့ ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်လာရေးအတွက်လည်း ဆောင်ရွက်ရမယ့် တာဝန်ရှိပါတယ်။



နှစ်ရှည်လများ ပြည်သူလူထု လိုလားတောင့်တနေတဲ့ ဒီနိုင်ငံရေးရည်မှန်းချက် အကောင်အထည်ပေါ်လာရေးအတွက် ခိုင်မာရည်သည်းခံပြီး ဖြတ်သန်းရမှာလို့လည်း သိနားလည်ထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နိဂုံးချုပ်အားဖြင့် တင်ပြချင်တာကတော့ အခုပေါ်ပေါက်လာတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ ပြည်သူလူထုရဲ့ မျှော်လင့်ချက်များ၊ ဆန္ဒများ ပြည့်ဝစေရန် မမိုတ်မသုန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း အလေးအနက် ပြောကြားလိုခြင်း ဖြစ်ပါတယ်။

နိုင်ငံသူ နိုင်ငံသားအားလုံး ချမ်းမြေ့သာယာစွာနဲ့ မိမိတို့ဘဝလမ်းကြောင်းကို ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ပါစေ၊ ကျေးဇူးတင်ပါတယ်။

○



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်သမ္မတသစ် ဦးထင်ကျော်
ထံသို့
နိုင်ငံတကာအကြီးအကဲများထံမှ
ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

အမေရိကန်ပြည်ထောင်စုသမ္မတ ဘားရက်အိုဘားမား၊
တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ။
စင်ကာပူသမ္မတနိုင်ငံ သမ္မတနှင့် ဝန်ကြီးချုပ်။
တူရကီသမ္မတနိုင်ငံ သမ္မတ၊ အီတလီသမ္မတနိုင်ငံ သမ္မတ။
ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့် ဝန်ကြီးချုပ်၊
ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် ဝန်ကြီးချုပ်။
မွန်ဂိုလီးယားသမ္မတနိုင်ငံ သမ္မတ၊
ဘက်တိုနီးယားသမ္မတနိုင်ငံ သမ္မတ၊
ရုရှားသမ္မတနိုင်ငံ သမ္မတ၊
ဆွစ်ဖက်ဒရေးရှင်းသမ္မတနိုင်ငံ သမ္မတ၊
ဆလိုဗက်ကီးယားသမ္မတနိုင်ငံ သမ္မတ၊
ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဝန်ကြီးချုပ်၊

ကုလသမ္မဂအထွေထွေအတွင်းရေးမှူးချုပ်၊

ဘင်္ဂလားဒေ့ရှ်ကာကွယ်ရေး သမ္မတ။ အဆိုပါ သမ္မတနှင့် ပစ္စည်းဖိုင်ရေးရာ ဆင်ကော်မတီ ဥက္ကဋ္ဌ

www.burmeseclassic.com

www.burmeseclassic.com



## သမ္မတတာဝန် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနား

နိုင်ငံတော်သမ္မတ တာဝန်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်း၌ ကျင်းပရန် ပြင်ဆင်ထားရှိသည်။

နိုင်ငံတော်သမ္မတ၊ အိမ်တော်ဧည့်ခန်းမဆောင် အလယ်တည့်တည့်တွင် သီဟာသနပလ္လင်တော်ရှေ့၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံတော်သမ္မတအသစ် ဦးထင်ကျော်တို့ ထိုင်မည့်ထိုင်ခုံနှစ်လုံး ချထားသည်။

သီဟာသနပလ္လင်၏ အရှေ့ညာဘက်ခြမ်းတွင် နိုင်ငံတော်သမ္မတအသစ် ဦးထင်ကျော် ထိုင်မည်ဖြစ်ကာ ယင်းထိုင်ခုံ၏ ရှေ့မျက်နှာစာအတန်းတွင် အစိုးရအဖွဲ့အသစ်တွင် တာဝန်ယူမည့် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့ဝင်များ နေရာယူကြမည် ဖြစ်သည်။

နံနက် ၁၁ နာရီအချိန်တွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမဆောင်သို့ ဒုတိယသမ္မတစိုင်းမောက်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဦးဉာဏ်ထွန်းတို့ နှစ်ဦးနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတို့ ရောက်ရှိလာပြီး သပ်မှပ်မနေရာများတွင် နေရာယူကြသည်။

ထို့နောက် အစိုးရသစ်လက်ထက်တွင် ပြည်ထောင်စုဝန်ကြီးအဖြစ် ထမ်းဆောင်ကာ ဝန်ကြီးဌာနလေးခုကို တာဝန်ယူမည့် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ခန်းမဆောင်အတွင်း ဝင်ရောက်လာကာ သတ်မှတ်နေရာများတွင် နေရာယူခဲ့ကြပြီး အစိုးရသစ်တွင် တာဝန်ထမ်းဆောင်မည့် ဒုတိယသမ္မတနှစ်ဦးနှင့် ပြည်ထောင်စုဝန်ကြီးများသည်လည်း အစိုးရအဖွဲ့ဝင်သစ်များ၏ သတ်မှတ်နေရာတွင် နေရာယူကြသည်။

နံနက် ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် နိုင်ငံတော်သမ္မတတာဝန် လွှဲပြောင်းပေးအပ်မည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံတော်သမ္မတသစ်တာဝန် လက်ခံယူမည့် နိုင်တော်သမ္မတအသစ် ဦးထင်ကျော်တို့နှစ်ဦး ခန်းမတွင်း ဝင်ရောက်လာခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အစိုးရအဖွဲ့အသစ်တွင် တာဝန်ယူမည့် ပုဂ္ဂိုလ်များကို လိုက်လံနှုတ်ဆက်ခဲ့သကဲ့သို့ နိုင်ငံတော်သမ္မတအသစ် ဦးထင်ကျော်ကလည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက် အစိုးရအဖွဲ့ဝင်များနှင့် ပြည်ထောင်စုအဆင့် အဖွဲ့ဝင်များကို လိုက်လံနှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတတာဝန် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို စတင်ကြောင်း ကြေညာခဲ့ပြီး နိုင်ငံတော်



www.burmeseclassic.com

www.burmeseclassic.com



သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်သမ္မတအသစ် ဦးထင်ကျော်ထံသို့ နိုင်ငံတော်သမ္မတ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လွှဲပြောင်းပေးအပ်သည့် ကြေညာချက်ကို ပေးအပ်ခြင်း၊ နိုင်ငံတော်သမ္မတ၏ အဆောင်အယောင် ရွှေစလွယ်လွှဲပြောင်းပေးအပ်ခြင်းတို့ကို ပြုလုပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အစိုးရတာဝန် ထမ်းဆောင်ခဲ့သူများနှင့် အစိုးရတာဝန်ကို ရယူကြမည့်သူများအကြား တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ရင်းနှီးစွာ နှုတ်ဆက်၊ နိုင်ငံ့တာဝန်များ လွှဲပြောင်းမှုမြင်ကွင်းသည် သမိုင်းတွင်မည့် မြင်ကွင်းဖြစ်သည်။

ထိုသို့သော မြင်ကွင်းသည် လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း အစိုးရတာဝန် ထမ်းဆောင်ခဲ့သည့် အဖွဲ့နှင့် အစိုးရသစ်တာဝန် ထမ်းဆောင်မည့် အဖွဲ့အကြား ယခုကဲ့သို့ ကြည်နူးဖွယ်ကောင်းသော၊ အေးချမ်းသော၊ တည်ငြိမ်သော၊ ဂုဏ်သိက္ခာရှိသော စသည့် လက္ခဏာများဖြင့် ပြည့်စုံနေသော မြင်ကွင်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

၀



www.burmeseclassic.com

www.burmeseclassic.com



## မြန်မာအစိုးရသစ်ကို ကြိုဆိုဂုဏ်ပြုကြောင်း ဂျပန်အစိုးရ ကြေညာချက်ထုတ်ပြန်

မြန်မာနိုင်ငံတွင် တရားဝင် စတင်တာဝန်ယူမည့် အစိုးရသစ်ကို ဂျပန်အစိုးရက ကြိုဆိုဂုဏ်ပြုကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုကီရှီဒါက မတ် ၃၀ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဒီချုပ်)ဦးဆောင်သည့် အစိုးရသစ် တရားဝင် စတင်သက်ဝင်လာသည်ကို ဂျပန်နိုင်ငံက ကြိုဆိုဂုဏ်ပြုကြောင်း၊ အဆိုပါ အစိုးရသစ်သည် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ရွေးကောက်ပွဲတွင် မြန်မာပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ထောက်ခံမဲပေးမှုဖြင့် တင်မြှောက်နိုင်ခြင်းဖြစ်ကြောင်း ပြောကြားထားသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ သမိုင်းစာမျက်နှာသစ် တစ်ရပ်ဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်သူအများ လိုလားမျှော်လင့်သည့်အတိုင်း ဒီမိုကရေစီနည်းလမ်း ကျနစွာဖြင့် အစိုးရသစ်တစ်ရပ်ထံ ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ချမ်းစွာ အာဏာလွှဲပြောင်း ပေးအပ်နိုင်ခဲ့ခြင်းကို ဂျပန်နိုင်ငံက အလွန်ကျေနပ်မိကြောင်းလည်း ဆိုသည်။

မြန်မာအစိုးရသစ်အနေဖြင့် သမ္မတ ဦးထင်ကျော်၊ နိုင်ငံခြားရေးဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်တို့၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ဒီမိုကရေစီဖော်ဆောင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ အမျိုးသားရင်ကြားစေ့ရေး ကဏ္ဍများတွင် ရှေ့ဆက်တိုးတက်မှုများ ရှိလာအောင် ဆောင်ရွက်နိုင်မည်ဟု ဂျပန်နိုင်ငံက အလေးအနက် ယုံကြည်မှုရှိနေသည် ဟုလည်း ကြေညာချက်တွင် ပါရှိသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ပိုမိုတိုးတက်ပြီး ကြီးပွားချမ်းသာမှုကို ရှေ့ရှုကာ အစိုးရပိုင်း၊ ပုဂ္ဂလိကပိုင်း ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားရန်နှင့် နှစ်နိုင်ငံရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းလာစေရန် ဂျပန်က ရည်ရွယ်ကြောင်းလည်း ဖော်ပြထားသည်။

○



www.burmeseclassic.com

www.burmeseclassic.com



## အဘ၏စိမ်းမြရီ

(ဒလဘန်း)

မှန်သည့်အတိုင်း ပြောရလျှင် ကဗျာစာဆို၏သား ကဗျာ ပါရမီ အတော်နည်းပါသည်။ ကဗျာကို မကြိုက်၍တော့ မဟုတ် ပါ။ လွန်ဆွဲရလျှင်တော့ ကဗျာထက် အခြား စာပေဝါသနာက အားသာပါသည်။

ငယ်စဉ်က "ကလေးဂျာနယ်"နှင့် ကြီးရပါသည်။ သာ သနာပြုကျောင်းနေ၍ အင်္ဂလိပ်စာကိုလည်း အဘ အားပေးခဲ့ပါ သည်။ ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ် အင်္ဂလိပ်ရုပ်ပြ ကာတွန်း စာစောင်၊ ရုပ်ပြဖတ်လမ်း၊ စာအုပ်ငယ်များ အဘ ဝယ်လာပေး ပါသည်။ ကာတွန်းဆိုသော်လည်း အသိဉာဏ် ဗဟုသုတတိုးပွား စေပြီး စိတ်ဓာတ်ကြံ့ခိုင်မြင့်မားရေးတို့ကို အခြေခံထားသည့် စာ စောင်များဖြစ်၍ အဘက အားပေးပါသည်။

စာဖတ်ရှိန် မြင့်လာသည်နှင့်အချိန် အတန်းလည်း ရလာ သည့်အခါ ကျောင်းအားရက်များ၌ အဘ၏ တက္ကသိုလ်ဘာသာ ပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနသို့လိုက်၍ စာကြည့်တတ်ပါသည်။ ဖတ်ချင်စရာစာအုပ် အများအပြား ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဖတ်များသည့် စာရေးဆရာကြီးများမှာ ဒဂုန်ရွှေမြား၊ ရွှေဥဒေါင်း၊ မဟာဆွေ၊ ဇူဝံ၊ အောင်လင်း၊ မိုးဝေ၊ မြစကြာ၊ ဒဂုန်နတ်မောက်၊ မြစလွယ် စသည်တို့ ဖြစ်ကြပါသည်။ စွန့်စားခန်း၊ လျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းများက ကျွန်တော့်အား အများဆုံး ဆွဲဆောင်ကြပါသည်။

အဘ ဆုံးပါးပြီးနောက် အဘ ထားရစ်သည့် စာအုပ်များကို အမွေဆက်ခံရပါသည်။ မိဘနှစ်ပါး ရှိစဉ်ကလည်း အမေဖြစ်သူက သားအလည်သွားသည့်အခါများ၌ "အဖေကြီးသားကစုဆောင်းတာ ဝါသနာပါတယ်၊ မှတ်တမ်းတွေ သိမ်းခိုင်းပါလား" ဟု ပြောလေ့ရှိပြီး၊ အဘကလည်း သူ၏နေ့စဉ်မှတ်တမ်းများကို နည်းနည်းချင်း ပေးလေ့ရှိပါသည်။ အဘရှိစဉ် ပေးခဲ့သည့် စာအုပ်နှင့် မှတ်တမ်းများ၊ အဘမရှိတော့သည့်အခါ အမေက ဆက်၍ပေးသည့် မှတ်တမ်းများ၊ အမေ မရှိတော့သည့်အခါ ကျန်ရစ်သည့်စာအုပ်နှင့် မှတ်တမ်းများကို ရှာတွေ့သမျှ ဆက်လက်ထိန်းသိမ်းခဲ့ပါသည်။

သို့နှင့် အဘတစ်သက်တာ ပြုစုထိန်းသိမ်းစောင့်ရှောက်ထားခဲ့သည့် စာအုပ်၊ မှတ်တမ်းများ အတော်ပင် ပြည့်ပြည့်စုံစုံသိမ်းဆည်းခွင့် ရပါသည်။ ခြများနှိပ်စက်၍ အဘ ရှိစဉ်ကပင်ဆုံးရှုံးခဲ့ရသော စာအုပ်စာတမ်းများလည်း တော်တော်များများရှိခဲ့ပါသည်။ ပြန်တွေးကြည့်လျှင် အလွန်နှမြောမိပါသည်။ အဘအဖို့ကား ဆိုဖွယ်ရာပင်ရှိမည် မထင်ပါ။

### ဖိုးရာဇာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



အဘထံမှ စာပေအမွေများ ရပြီးသည့်နောက် မိမိအားနည်းသည့် ကဗျာများကို အချိန်ရလျှင် ရသလို လေ့လာရပါသည်။ "မင်းသုဝဏ်"၊ "သပြေညို"၊ "မောင်ခွေးဖို့"၊ "အင်းယားကန်သို့ အိုကုတို့"၊ "မင်းသုဝဏ်ကဗျာပေါင်းချုပ်"၊ "ဟိုက္ကူကဗျာမြည်းစရာ"စသည်တို့ကို အလျဉ်းသင့်သလို ထုတ်ယူဖတ်ရှုပါသည်။

"မင်းသုဝဏ် ကဗျာပေါင်းချုပ်"ကို ဖတ်ရှုသည့်အခါ စာအုပ်ပါ ပထမဆုံးသော ကဗျာကို အတော်စိတ်ဝင်စားမိပါသည်။ ခေါင်းစဉ်က "စမ်းမြရီထံသို့" ဖြစ်ပါသည်။ ၁၉၂၇ ခုနှစ် ဩဂုတ်လထုတ် ဒဂုန်မဂ္ဂဇင်းပါ ကဗျာဖြစ်သည်။

**စမ်းမြရီထံသို့**

"မြ"မျက်နှာ သွင်ချိုပြုံးကိုတော့
ခဏ ခဏ တစ်သက်လျှာပင် မြင်လိုတဲ့နှလုံးရယ်ကြောင့်
မရမကနှင့် ဆက်လွှာကို အကြင်ကိုကိုသုံးပေမယ့်
တသသနှင့် မက်ကာ ဘဝင်ဖိုလို့ နုံးအောင်ပ
ခင်အပျိုဘုန်းကတော့ ငြင်းရှာတယ်
(အို... ကိုအာကာရဲ့)
လင်ကိုဖြင့် မုန်းတယ်လို့ ကွင်းကာဖယ်
(ခြော်...)ဈေးအနီးဆီက၊ သူဌေးသမီးပေမယ့်
သွေးကြီးကာ မာန်မဝင်တဲ့ပြင်
မြန်ခွင်တွင် စံယူသုံးရန်ဖို့ နှလုံးကြည်သာစွာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဤဒကာကို စိတ်မဆိုးစေဖို့
အမျိုးမျိုးနော် ခွင့်ပန်တောင်းကာပ
အကြောင်းအရာစုံတို့နှင့် အဖုံဖုံ ခင်မေမြွက်တာကြောင့်
မိတ်ကလျာကို စိတ်မှာ မျက်တဲ့ပြင် နှစ်သက်လှတယ်။
ကွန်းနဂရဠာနီ ထိုတစ်ကြောဆီက
စမ်းမြရီ အပျိုချောဟာဖြင့်
စာတမ်းပြလို့ အခါခါ အလီလီ အစ်ကိုတို့ ပြောရန်ဖို့
ချိုသာသောစကားတွေနှင့် ပြုံပုံနှယ်
လှူ့ဘုံနယ်မှာတော့ မှတ်ဖွယ်ကောင်း။
သွားတက်မခင်၊ ပါးချွက်ကလေးက တကယ်ယဉ်လို့
(မင့်ကိုလေ)မြင်ပါရင် လူမသိပေမယ့်
မချိပေါင် ဒီဖေဆွေးလှပေါ့
မကြာခင် မရဏာခွင်သို့ပင် ပြေးရတော့မထင့်
နိတ်သူရေ... တဆိတ်ကူလို့ဖေးလှည့်ပ
(ဩဘ်) ရှေးဘဝဟောင်းဆီက၊
မေးလှတဲ့အကြောင်းရယ်ကြောင့်
(စမ်းမြရီရေ) ဝေးရချက်မကောင်း။ ။

(၁၄–၁၂–၂၆)
ဒဂုန်မဂ္ဂဇင်း
ဩဂုတ်လ ၁၉၂၇



www.burmeseclassic.com

www.burmeseclassic.com



ကဗျာ၏ အဓိက အကြောင်းရင်းမှာ မယ်က မောင့်ကို ငြင်းသဖြင့် ဆွေးနေရသည့် အဖြစ်ကို ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။ ကဗျာဆရာတို့သည် များသောအားဖြင့် တစ်ချိန်မဟုတ် တစ်ချိန် မယ်ဘွဲ့၊ မောင်ဘွဲ့၊ အချစ်၊ အလွမ်းအဆွေး ကဗျာများ ဖွဲ့တတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ သို့သော်လည်း အဘ ကဗျာ၏ ထူးခြားချက်က ရည်ရွယ်သူ မိန်းမပျိုကို အမည်နာမ တပ်၍ ဖွဲ့ဆိုထားမှု ဖြစ်ပါသည်။

ကဗျာရေးဖွဲ့ချိန်က အဘ့ အသက်အရွယ်မှာ (၁၇)နှစ်ခန့် သာရှိသေးသည်။ ဆဲရာမှတ်ကြီးကျောင်းခေါ် စိန့်ဂျွန်းကျောင်း အထက်တန်းကျောင်းသားဘဝ ဖြစ်သည်။ ယောက်ျားလေးကျောင်း တွင် အဆောင်နေကျောင်းသား ဖြစ်သည်။ ကွမ်းခြံကုန်းမြို့ အမျိုး သားကျောင်းမှ ရန်ကုန်ကျောင်းသို့ ပြောင်းသည်မှာလည်း သုံးနှစ် ခန့်သာ ရှိပေသေးသည်။

ဘယ်နေရာ ဘယ်စခန်းမှာများ "စမ်းမြရီ"နှင့် ဆုံလိုက်ပါ လိမ့်။ စမ်းမြရီက သွားတက်ကလေးအပြင် ပါးချိုင့်ကလေးက ပါသေးသည်။ အဘ မရှိတော့၍ ဖတ်ရသည့်ကဗျာထဲ "စမ်းမြရီ" အကြောင်း အဘကို မေးရန်လည်း မစွမ်းသာတော့ပြီ။ ဟိုလူပြော၊ သည်လူပြောနှင့် အဘငယ်စဉ်က စိတ်ဝင်စားဖွယ် ဇာတ်လမ်း ကလေးများ ရှိခဲ့သလိုလို။ သည်ဇာတ်လမ်းများထဲမှ "စမ်းမြရီ" အကြောင်းကတော့ တစ်ခါဖူးမျှ မပါဘူး။ မကြားဘူးခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အဘ ထားရစ်သည့် စာအုပ်မှတ်တမ်းများအပြင်၊ မဂ္ဂဇင်း အစောင်စောင်တွင် အဘ ရေးခဲ့သည့် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး တို့မှ အများစုမှာ စာစုစာရင်းများတွင် စာရင်းပေါက်သော်လည်း စာမူစာသားများက အပြည့်အစုံ မရှိပေ။

ထို့ကြောင့် စာမူ စာသားများ စုဆောင်းရေး အတွက် တက္ကသိုလ်များ စာကြည့်တိုက်သို့ ခြေဦးလှည့်မိသည်။ ဗြိတိသျှ ဘားမား၊ ဒဂုန်စာဆိုတော်မဂ္ဂဇင်းများနှင့် ဒီးဒုတ်ဂျာနယ်တို့ကို ရနိုင်သလောက် ရှာဖွေဖတ်သည်။ တစ်နေ့တွင် "မောင်ဝန်သို့" ခေါင်းစဉ်ဖြင့် ကဗျာတစ်ပုဒ်ကို ဒဂုန်မဂ္ဂဇင်းတစ်အုပ်၌ အမှတ် မထင် တွေ့လိုက်ရသည်။ ကဗျာကို မဖတ်မီ ကဗျာအောက်ခြေ ကို ကပျာကယာ ကြည့်လိုက်မိသည်။

ကလောင်ရှင်က "စမ်းမြရီ"တဲ့။ ဝမ်းသာလိုက်သည့်ဖြစ် ခြင်း။ စမ်းမြရီကို တွေ့လေပြီ။ စမ်းမြရီက အဘကဲ့သို့ ဒဂုန် ကလောင်ရှင်တစ်ဦး ဖြစ်နေသည်။ အသွင်တူလျှင် အိမ်သူဖြစ် သတဲ့။ အဘတို့နှစ်ဦးကို အကဲဖြတ် အမှတ်ပေးပြီးမှ ကဗျာကို ဖတ်သည်။

## မောင်ဝန်သို့

နတ်ပန်းနွယ်နီ မျှတတဲ့ အသွေးတွေနှင့် "သထပ်"စမ်း မယ်ရီ မြမြကလေးရယ်က ဖလပ်၊ ဒန်း၊ စမွယ်၊ သရဖီ အဝ ဖွေးသလိုပ၊ (အိုရှင်)ကျွန်မ ရေးလိုက်ပါပေ့ တံတျာကဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



(ကိုကိုရယ်) အထ,အန မတွေးလေနှင့် အစစ မဝေးပါတဲ့ ပြန်စာလွှာ၊ များစွာတကယ် ချစ်စဖွယ်စကားတွေကြောင့်၊ တပါးအလှမယ် - ပစ်ပယ်မထားပါဘူး၊ ငါးရာ့နှစ်ဆယ့်ရှစ်သွယ်" အသွားရယ်နှင့် မမှားတဲ့ ဆရစ်ကညာမှာနော်ရှင်၊ ဇာရားငဲ့ပါလို့၊ ပွားရဲ့မေတ္တာ၊ အနုအလှ မယ်ကညာ ရာဂတဏှာ ငြိရင်တော့၊ "အသုဘဆယ်ဖြာ ကာယဂတာသတိ"တွေနှင့် ရှုဆပယ်စရာ ဘာဝနာ ဓမ္မာအရှိပေဘဲ၊ "မသာ"ဘဝမှာ ကြည့်ပြန်တော့ အသုံမကျစရာ၊ အပြုံးလှဘအကြောင့် "ရီရီချော"၊ (အို) အဆုံးဘဝမှာတော့ ပထဝီသဘော၊ သားမွေးအိမ်ထောင်၊ နှစ်ပါးတွေးလို့ မလိမ်ပေါင်၊ "ကျား"သွေး အကြိမ်ကြိမ် ရောင်မပေ့၊ ဝင့်နှောင်တွင် တဖန်မြုပ်လို့ မမျောချင်ဘူး၊ ထွင့်ခေါင်သခင် "သမ္ဗုဒ္ဓေါ"ရယ်က ကျွတ်လွတ်အောင်ရှင် ဓမ္မခန်ထုတ်ခါ ဟောစလေသော၊ **ဂရာဝါ သော-ဗဟုကီစွော** ဆိုတဲ့၊ ဓမ္မောကို ဆင်ခြင်ရှုပါရဲ့၊ အချောပို့ "ဒင်ဖရ" Dimple ရယ်က အပြောမပို အဆင်အပြင် မပြုတော့ပါဘူး။ (ခြော်) တုသနှင့် သောသောပြီး၊ လူ့တစ်ခွင်လောခဲ့တာမို့၊ အမိန်ဂျွန်းပျော်မေ (အိုယောင်လို့ စိန်ဂျွန်းပျော်ရေ) ယခုဖြင့် မောဿ။

စမ်းမြေ့
ဒဂုန်မျှော်ခင်း
၁၉၂၇ ခုနှစ်၊ နှင်ဘာလ



www.burmeseclassic.com

www.burmeseclassic.com



ကဗျာရှင်က "သထပ်မယ် စမ်းမယ်ရီ–မြမြကလေး" ဟု သူ့ကိုယ်သူ ကဗျာအစပိုင်းတွင် ညွှန်းထားသည်။ အဘ မရဲတရဲ တိတ်တခိုးကြည့်လိုက်ရ၍ သွားထပ်ကို သွားတက် ထင်ခဲ့လေ သလား။ ကဗျာအကြောင်းအရာက အစပိုင်းတော့ ဟန်မလိုလို ရှိသည်။ အဘ၏ ချစ်စဖွယ်စကားတွေကြောင့် သူ့အနေဖြင့် ပစ်မထားနိုင်၍ စာပြန်လိုက်သည့် အကြောင်းဖြစ်သည်။ ပြီးတော့မှ အဘကို တရားပြကာ၊ တရားချတော့သည်။

သူ့အနေဖြင့် အဘ အပေါ် သန့်ရှင်းသည့် ၅၂၈ သွယ် မေတ္တာထားကြောင်း၊ သူ့မှာတော့ ဘုရားဟောသည်နှင့်အညီ ကိစ္စ ခြားမြောင်၊ လူတို့ဘောင်၏ အိမ်ထောင်သားမွေးမှုကို ရှောင်လို သည်ဟု အဖြေပေးထားလေသည်။

သည်စာဖတ်ရချိန် အဘ၏ခံစားချက်ကို တွေးကြည့်မိ သည်။ အားငယ်ရာမှ ပူဆွေးလွမ်းဆွတ်ရှာပေလိမ့်မည်။ အဘ ငယ်စဉ်က ရေးခဲ့သည့် ကဗျာနှင့် ဝတ္ထုတိုကလေးများမှာ အလွမ်း အဆွေးနှင့် မကင်းလှပေ။ "ကိုဝန်၏ကဗျာကလေးများကို ဖတ် လိုက်သည့်အခါ လွမ်းခန်း၊ ဆွေးခန်းများ တစ်နေရာရာတွင် ပါလာလေသည်။ ဤသို့ အလွမ်း၊ ငိုချည်း ဖွဲ့သောကြောင့် ကိုဝန် အား အပြစ်မဆိုသာချေ။ ဥသြသည် ဟသ်ာကဲ့သို့ မမြည်နိုင်။ ဟသ်ာသည်လည်း ဥသြကဲ့သို့ မြည်နိုင်မည် မဟုတ်ပေ။ ဥသြသံ ကို ကြားလိုလျှင် ဥသြရှိရာသို့သာ သွားလော့။ ဟသ်ာများရှိရာ ကို မသွားလေလင့်။ ထို့အတူ အလွမ်းအဆွေး အကြောင်းများကို



www.burmeseclassic.com

www.burmeseclassic.com



မကြားလို မသိလိုလျှင် ကိုဝန်၏ ကဗျာများကို မဖတ်ပါလင့်။ အလွမ်းအဆွေး အကြောင်းကို သိလို ကြားလိုလျှင် ကိုဝန်ဖွဲ့သော ကဗျာများကို ဖတ်ပါလေ”ဟူ၍ပင် သိပ္ပံမောင်ဝက တစ်ချိန်တွင် မှတ်ချက်ပေးခဲ့ဖူးသည်။

သူ့ကို “လွမ်းစာဆို”ဟူ၍ အများက ပြောကြ၍ တစ်ချိန်တွင် “လွမ်းစာဆိုတဲ့”ဟူသော ကဗျာတစ်ပုဒ်ရေး၍ သူကြီးပြင်းခဲ့ရသည့် ဘဝဝန်းကျင်နှင့် အချိန်အခါကြောင့် သူ့ကဗျာနှင့် စာတို့တွင် အလွမ်းအဆွေးများ ပါနေရပုံကို အကြောင်းနှင့် ဖြေရှင်းခဲ့ဖူးရှာသည်။ မည်သို့ပင်ဆိုသော အဘာ လွမ်းတတ်သည်က တော့ အမှန်ပင်။ အဘာ ကိုယ်ရေးမှတ်တမ်းများတွင် ဖခင်ကြီး၏ အမည်ကို “ဦးလွမ်းပင်”ဟု အဘာ “လွမ်း”ခဲ့သည်များကို ဂရုပြုမိသည်။ တစ်နေ့ အမှတ်မထင် ကွမ်းခြံကုန်းမြို့ အမျိုးသားကျောင်း စတင်တည်ထောင်သည့် မော်ကွန်းမှတ်တမ်းတွင် ကျောင်းကော်မတီခေါင်းဖြစ်သူ အဘာ၏ဖခင်အမည်ကို “ဦးလွန်းပင်”ဟု မကြာမီကမှ တွေ့ရှိ ဂရုပြုမိသည်။ အဘာမရှိတော့ပြီမို့ ဒေါ်လေးနယဉ်ကို မေးကြည့်မိသည်။ ထိုစဉ်က ဒေါ်လေးမှာ ကျန်းမာရေးမကောင်း၍ ဆေးရုံ၌ အနားယူနေသည့် ကာလဖြစ်လေသည်။ ကျွန်တော့်အမေးကို ဒေါ်လေးက ပြုံးပြီး “တို့အမျိုးထဲမှာ ဘယ်သူမှ မလွမ်းဘူး။ အဘာနာမည်က နငယ်သတ်နဲ့ လွန်းတယ်”ဟု အရွှန်းအသောကလေးနှင့် ဒေါ်လေးကဖြေသည်။ ဤသည်ကို ထောက်ရှုလျှင် အဘာ ငယ်စဉ်က မည်မျှအလွမ်းသန်ခဲ့မည်ကို ခန့်မှန်းရနိုင်လောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာကလောင်ရှင် "စမ်းမြရီ"ကို တွေ့တော့ အဖြေတစ်ဝက်တော့ ထွက်လေပြီ။ ကလောင်ရှင် အမျိုးသမီးက ဘယ်မြို့က ဘယ်သူများပါလိမ့်ဆိုသည့် သိချင်စိတ်ကလေးကတော့ ကျန်နေသေးသည်။

တစ်နေ့တွင် အဘလက်ရေးနှင့် ကဗျာမှတ်စုစာအုပ်တစ်အုပ်ကို သွားတွေ့သည်။ ၁၉၂၆ ခုနှစ် မေလမှ ၁၉၃၂ ခုနှစ် မတ်လ အတွင်း ရေးဖွဲ့ခဲ့သည့် ကဗျာပေါင်း ၁၂၃ ပုဒ်ကို အဘကိုယ်တိုင် လက်ရေးဖြင့် ပြန်ကူး၍ မှတ်တမ်းအဖြစ် ပြုစုထားသည့် စာအုပ်ကလေး ဖြစ်သည်။

ကဗျာအမှတ်စဉ်(၃)မှာ "စမ်းမြရီ"အကြောင်း ဖွဲ့ထားသည့် လေးချိုးတစ်ပုဒ် ဖြစ်နေကြောင်း တွေ့ရပြန်ပါသည်။ ကဗျာရေးဖွဲ့သည့် နေ့စွဲကို ကြည့်လိုက်သောအခါ၊ "စမ်းမြရီထံသို့"ကဗျာထက် ခြောက်လခန့်စောကြောင်း တွေ့ရသည်။ စမ်းမြရီကိုတွေ့ပြီး မရှေးမနှောင်းတွင် ရေးဖွဲ့ခဲ့သည့် ပထမဆုံးသောကဗျာဟု ယူဆရပါသည်။

**မယ်ဘွဲ့လေးချိုး**

အနုအလှ အယဉ်မှာ ဆေးကူလို့ မဆန်းနိုင်ဘု၊
ရှုမဝ–သခင်မာလာမွှေးကြိုုတဲ့ပန်းကိုလှ၊
မအေးသူ–ဖေးကူမဲ့ငြိမ်းတွေနှင့်၊
(စမ်းမြရီရေ)လှမ်းဆွတ်ယူချင်။

**ဗိုးရာဇာစာအုပ်**

www.burmeseclassic.com

www.burmeseclassic.com



(ပြော်) အထက်ဖျားမှာမို့၊ မျက်ထားတော် တကယ်ချိုမှ၊
ဟောသည် ကိုယ်ဆွတ်ချူဝံ့မယ်၊ စိုးရွံ့ကြောက်အင်။
မတန်တာ သင်ကြံရက်တယ်လို့၊
ထန်မာမာ ခင်ပြန်လို့မြွက်မှဖြင့်၊
အသက်နှင့်ကိုယ်ကိုပင်
ခွာချင်ရဲ့သက်ထား။
နန်းတွင်း(တော်)ဝင်၊
ပန်းမင်းဂေါ်သဇင်ရဲ့၊
ပျော်ရွှင်စွာ မောင်ပူအေးအောင်
(စမ်းမြရီရယ်)ဆေးကုမှာလား။ ။

(၅-၆-၂၆)

**မောင်ဝန်(စိန်ဂျွန်းပျော်)ကိုအာကာသန်းတပည့်**

**ဒဂုန်မဂ္ဂဇင်း၊ အမှတ်(၇၄)၊ အောက်တိုဘာ၊ ၁၉၂၆ ခုနှစ်**

နှမဝမ်းကွဲ ဒေါ်စိုးငြိမ်း ပြုစုထားသည့် စာစုစာရင်းနှင့် စစ်လိုက်သည့်အခါ "မောင်ဝန်(စိန်ဂျွန်းပျော်)ကိုအာကာသန်း တပည့်"ဟူသော ကလောင်အမည်ကို အဘ သုံးထားကြောင်း တွေ့ရပါသည်။

ထို့ကြောင့်လည်း စမ်းမြရီက အဖြေပေးသည့် ခေါင်းစဉ် ကို "မောင်ဝန်သို့"ဟု ရွေးခဲ့လေဟန်ရှိသည်။ ကဗျာအဆုံးသတ်



www.burmeseclassic.com

www.burmeseclassic.com



ပုံကလေးမှာ ဖတ်ရသူ နှလုံးသားဝယ် သနားစိတ် ဖြစ်ပေါ်စေသလို အပြုံးစိတ်ကလေးလည်း ဖြစ်ပေါ်စေမည်လား မသိပါ။ "စမ်းမြရီထံသို့"ကဗျာကို အဘ၏ လက်ရေးကဗျာမှတ်တမ်းစာအုပ် ကဗျာအမှတ်စဉ်(၂၂)တွင် တွေ့ရပါသည်။

ကဗျာမှတ်တမ်းစာအုပ်ကို တစ်နေ့ နည်းနည်းချင်း အချိန်ရသလို ဖတ်ဖြစ်သည်။ ကဗျာများအဆုံး၊ မှတ်တမ်းစာအုပ်ကျောဖုံးအတွင်းပိုင်းတွင် "စာဆိုသူများ၊ 19.5.28" ခေါင်းစဉ်ပါ မှတ်တမ်းတိုကလေးတစ်ခု တွေ့ရပြန်ပါသည်။ ပထမစာဆိုမှာ "အာကာဘောင်၊ အာကာမြ၊ မမြ၊ သုဓမ္မဝတီသန်း အမည်ခံကိုအာကာသန်း"ဟူ၍ ဖြစ်ပါသည်။

ဒုတိယစာဆိုမှာ "စမ်းမြရီ" ဖြစ်နေလေတော့သည်။ နှစ်နှင့်ချီ စိတ်ဝင်စားခဲ့ရသည့် "အဘ၏စမ်းမြရီ"။ နောက်ဆုံးတော့ အမည်ရင်းသာမက၊ နေရပ်ကိုပါ သိရပါပြီ။ အဘသည် ဒဂုန်ကလောင်ရှင်ကို အမည်နှင့် ကဗျာတွေ့၍ သဘောကျပြီး ကဗျာဖွဲ့ ချစ်ရေးဆိုနေခြင်းလော၊ ကလောင်ရှင် မည်သူမှန်းသိလျက်နှင့် စိတ်ကူးယဉ်ကာ၊ လွမ်းကဗျာသီနေခြင်းလော။ စမ်းမြရီ မည်သူမည်ဝါမှန်း သိရကာမှ အဖြေညှိမရနိုင်သည့် ပဟေဠိကြီးနှင့် ရင်ဆိုင်ရပါတော့သည်။

အကြောင်းကား "စမ်းမြရီ"သည် ဒီးဒုတ်ဂျာနယ်၊ ငြိမ်းသျှဘားမား၊ ဒဂုန်မဂ္ဂဇင်းတို့၏ ကလောင်ရှင် "ဘောင်ဒရီလမ်း

www.burmeseclassic.com

www.burmeseclassic.com



စာတိုက်၊ ၅ ထပ်ကြီးဘုရား–ဟံသာဝတီဂိုဏ်းအုပ်ကျောင်းတိုက်၊ ဦးခင်ငြိလကျောင်း၊”မှ “ဦးအဂ္ဂဝံသ” ဖြစ်နေ၍ ဖြစ်ပါတော့သတည်း။

ဝိတောက်ပွင့်သစ်
၂၀၀၇၊ ဇူလိုင်

○



www.burmeseclassic.com

www.burmeseclassic.com



# သမ္မတကြီးနှင့် နည်းပညာရှင်တို့မျှော်လင့်ချက်

ဦးခွန်ဦး
(မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ)



နိုင်ငံတကာမှာ ICT ကို အရမ်းကို အားပေးလုပ်ဆောင်ပြီး တိုးတက်အောင် လုပ်ကြတယ်။ တချို့နိုင်ငံတွေမှာဆို ICT အတွက် သက်သက် ဝန်ကြီးဌာနဖွဲ့ပြီး လုပ်ကြတာမျိုး ရှိတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ နိုင်ငံမှာ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးကိုပို့ဆောင်ရေးနဲ့ပေါင်းလိုက်တယ်ပေါ့။ ပေါင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အပေါ် ဘာမှမပြောလိုပါဘူး။ အရေးကြီးတာက ဘယ်လိုလုပ်မလဲ ဆိုတာပေါ့။ ကျွန်တော်တို့ကတော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ICT က ဘယ်လောက် အရေးကြီးလဲဆိုတာ အစိုးရတာဝန်ရှိသူတွေ နားလည်လိမ့်မယ်လို့ ယုံကြည်တယ်ပေါ့။ အဓိကကျတယ်လို့ ယုံကြည်နေရုံနဲ့လည်း မပြီးသေးဘူး။ တကယ့်ကိုဒီကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ့် ဝန်ကြီး၊ စိတ်ပါလက်ပါလုပ်မယ့် ဝန်ကြီး ဖြစ်စေချင်တာပေါ့နော်။ ICT ပဲ အရေးကြီးတယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ ICT ဟာ အရေးကြီးဆုံးထဲက တစ်ခုဆိုတာ သဘောပေါက်စေချင်တာပေါ့။ သဘောပေါက်မယ်လို့လည်း ယုံကြည်ပါတယ်။ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအစိုးရ ဖြစ်ဖို့အတွက်လည်း ICT က များစွာကူညီပေးနိုင်ပါတယ်။ အဲဒီနေရာမှာ ဆက်သွယ်ရေးဝန်ကြီးရဲ့ နေရာကသိပ်အရေးကြီးတယ်။ လုပ်လို့မရဘူး။ အဲဒါနဲ့ ပတ်သက်လို့လွှတ်တော်မှာလည်း တာဝန်ရှိတယ်။ ဝန်ကြီးဌာနရော၊ အသင်းအဖွဲ့တွေရော အားလုံးမှာ တာဝန်ရှိပါတယ်။ အားလုံးပူးပေါင်းပြီး အမြန်ဆုံး ဖြေရှင်းရမှာပါ။ နောက်တစ်ခုက အခြေခံအဆောက်အအုံ (Infrastructure)ပြည့်စုံကောင်းမွန်ဖို့ပါ။

○



www.burmeseclassic.com

www.burmeseclassic.com



## ဦးထွန်းသူရသက်
### (အမှုဆောင်အရာရှိချုပ်)
### Myanmar Information Technology Pte., Ltd




ဝန်ကြီး ဌာန နှစ်ခု ပေါင်းလိုက်တော့ နည်းပညာ ကဏ္ဍ (ICT)ကို အားမနည်း အောင် လုပ်ဆောင်သင့်တယ် လို့ ထင်တယ်။ နိုင်ငံတကာ မှာလည်း ICT ကဏ္ဍ ဖွံ့ဖြိုးဖို့ အတွက် သီးသန့်အဖွဲ့အစည်း တွေ ဖွဲ့စည်းပြီး လုပ်ကြတာ မျိုးရှိပါတယ်။ အခုလည်း ဒီ မှာ အသင်းအဖွဲ့အလိုက်ဆွေး နွေးပြီး ဆက်လက်လုပ်ဆောင် သွားသင့်ပါတယ်။ ဝန်ကြီး အသစ်နဲ့ ပတ်သက်ပြီးတော့ ပြောဖို့မရှိသေးပါဘူး။ လုပ်တဲ့အပေါ်မှာ မူတည်ပြီး ပြောတာပို သင့်တော်တာပေါ့။ တခြားနိုင်ငံတွေမှာ ICT ကို ဝန်ကြီးအနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘူး။ ဒီထက်ပိုမြင့်တဲ့ ပုံစံမျိုးနဲ့ လုပ်ဆောင်လေ့ရှိတယ်။ မြန်မာနိုင်ငံမှာ ဆိုရင်တော့ သမ္မတရုံးဝန်ကြီးဌာနလိုမျိုး တခြားဝန်ကြီးဌာနတွေနဲ့ တန်းတူမဟုတ်တဲ့ ပုံစံမျိုးနဲ့ သွားကြတာပေါ့။ ပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း သီးသန့်ထောက်ပံ့ပေးတာမျိုး လိုအပ်တယ်။ နည်းပညာဖွံ့ဖြိုးဖို့က တခြားဝန်ကြီးဌာနတွေနဲ့ Level တူနေရင် အခက်အခဲ ရှိနိုင်တယ်။ ဦးစားပေးဘာတွေလုပ်ဆောင်သင့်သလဲဆိုတာ လူကြီးတွေ ပိုသိမယ် ထင်ပါတယ်။ လုပ်စရာရှိတာတွေကတော့ အများကြီးပဲ။ တချို့က e-Government ကို ဦးစားပေးလုပ်စေချင်မယ်။ တချို့ကကျတော့ နည်းပညာကုမ္ပဏီတွေနဲ့ ဒီ Industry ကို ဦးစားပေးချင်တာမျိုး ရှိမယ်။ တစ်ဦးနဲ့တစ်ဦး အမြင်မတူနိုင်ဘူးပေါ့။

○



www.burmeseclassic.com

www.burmeseclassic.com



## ဦးမျိုးမြင့်ထွန်း
## မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း
## (အတွင်းရေးမှူး)



ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ဦးသန့်စင်မောင်ကို မသိပါဘူး။ အခုမှ ကြားဖူးတာပါ။ ဒါပေမဲ့ အရေးကြီးဆုံးအချက်က လက်ရှိ အစိုးရက ခန့်အပ်လိုက်တယ် ဆိုတော့ အရည်အချင်း ရှိပြီးသားလို့ ယုံကြည်တယ်။ သူ့ကို လုပ်ပိုင်ခွင့်တွေပေးပြီး အလုပ်လုပ်ခိုင်းဖို့ပဲ လိုတယ်။ သူ လက်တွေ့လုပ်ပါစေ။ အစ်ကိုတို့အနေနဲ့ SMEတို့၊ ကုမ္ပဏီတည်ထောင်ခါစ Start up တို့ကို ဦးစားပေးပါ စသည်ဖြင့် မပြောလိုဘူး။ သူ့အနေနဲ့ အကောင်းဆုံးတွေကို လုပ်နိုင်လိမ့်မယ်လို့ မျှော်လင့်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ လက်တွေ့လုပ်လာတဲ့အပေါ် ပြည်သူတွေကလည်း စောင့်ကြည့်နေမှာပဲလေ။ လုပ်နိုင်၊ မလုပ်နိုင်ဆိုတာ အဲဒီအချိန်မှာ ပေါ်လာမှာပဲ။ အစ်ကိုတို့ လျှောက်ပြောနေမယ့်အစား ဒီချုပ်က ယုံကြည်လောက်တဲ့ အရည်အချင်းရှိလို့ ဂန့်အပ်လိုက်တယ်လို့ မြင်တယ်။ ကဏ္ဍပေါင်းစုံက လိုအပ်နေတာပဲလေ။ နှစ်ပေါင်းများစွာ ပျက်စီးလာခဲ့တဲ့ စနစ်ကြီးတစ်ခုကိုတော့ သူ့အနေနဲ့လည်း ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေး ဆိုပြီး ရွေးချယ်မှာပဲလေ။ ဦးသန့်စင်မောင်က အခု လက်ရှိဝန်ကြီး ဖြစ်လာပြီ။ သူလုပ်သင့်တာတွေ ရွေးချယ်ပြီး အဓိကလိုအပ်နေတာတွေ လုပ်လိမ့်မယ်လို့ ထင်တယ်။ ဝန်ကြီးကို သတင်းစကား ပါးချင်တာကတော့ အရာရာတိုင်းမှာ စိန်ခေါ်မှုတွေ ရှိနေမှာပေါ့နော်။ အဲဒါတွေကို ယုံကြည်မှုရှိရှိနဲ့ ကျော်လွှားနိုင်ဖို့ပဲ အရေးကြီးတယ်ပေါ့။ အစ်ကို့အနေနဲ့ အကောင်းမြင်တယ်။ လုပ်နိုင်လိမ့်မယ်လို့ ထင်တယ်။ အကောင်းဆုံးတွေကို လုပ်နိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။ သူ့မှာလည်း အကြံပေးတွေ ရှိနေမှာပဲ။ IT Industry အနေနဲ့ကတော့ လိုအပ်ချက်တွေ ရှိနေတာပဲ။ အဲဒါတွေ နေ့ချင်းညချင်း ပြည့်စုံသွားမှာ မဟုတ်ဘူးလေ။ ဒီလိုပဲ တစ်ဆင့်ပြီးတစ်ဆင့်သွားရမယ့် အနေအထားပေါ့။

○



www.burmeseclassic.com

www.burmeseclassic.com



## ဦးမင်းတောညွှန့်တင်
## (ဥပဒေအကြံပေး)



ဟိုးအရင်တုန်းက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဆိုတာ ၁၉၈၈ အထိ ရှိခဲ့တယ်။ အဲဒီတုန်းက ပို့ဆောင်ရေး ဆိုတာ ရထား၊ သင်္ဘော၊ လေယာဉ်ပျံပေါ့။ ဆက်သွယ်ရေး ဆိုတာလည်း ရထားလမ်းဘေးတစ်လျှောက် သွားနေတာပေါ့။ ဖိုက်ဘာကေဘယ်လ်ဆိုတာလည်း မရှိဘူး။ တယ်လီဖုန်း မိုက်ကရိုဝေ့ဗ် ဆိုတာလည်း လေး၊ ငါး၊ ခြောက်မြို့လောက်ပဲ ရှိတာ။ တော်တော်ရှားတာကိုး။ စာပို့ဆိုတာလည်း စာပို့ရထား ဆိုတာကို အသုံးပြုရတယ်။ ရထားကိုပဲ မှီခိုရတယ်။ အခုလက်ရှိနေကြီးက



www.burmeseclassic.com

www.burmeseclassic.com



မီးရထားမှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတော့ စာပို့လုပ်ငန်းတွေ အရင်ကထက် ပိုမိုကောင်းမွန်လာမယ်လို့ ကျွန်တော်မြင်တယ်။ သို့သော် တခြားတစ်ဖက်မှာ နည်းပညာကို အခြေခံတဲ့ဘက်ကို ပုံစံပြောင်းသွားပြီကိုး။ အဲဒီတော့ ဝန်ကြီးအနေနဲ့ အသက်အရွယ်အားဖြင့်ရော၊ နီးစပ်မှုအားဖြင့်ရော အတော်လေးလိုက်ယူရမယ့် သဘောရှိတယ်။ ဆက်သွယ်ရေးဆိုတာ တယ်လီဖုန်းတစ်ခုတည်း ကျွန်တော်တို့ မြင်လို့မရတော့ဘူး။ နောက်ပိုင်း လာမှာတွေက ဂြိုဟ်တုဆက်သွယ်ရေးတို့၊ ကိုယ်ပိုင်ဂြိုဟ်တုတင်ဖို့လည်း ဖြစ်လာနိုင်တာပေါ့။ နောက်ပြီး ဖေ့စ်ဘွတ်ခ်နဲ့ အင်တာနက်တို့ရဲ့ လုံခြုံရေးနဲ့ပတ်သက်တဲ့ ကိစ္စတွေကလည်း အရမ်း အရေးကြီးလာတယ်။ တယ်လီကွန်း ကုမ္ပဏီတွေနဲ့ ပတ်သက်ပြီးလည်း Lawful interceprion ကလည်း အရေးကြီးတယ်။ နိုင်ငံရေး၊ ဘာသာရေး အကြောင်းတွေကို အမုန်းစကား ပြောဆိုမှုတွေကို ဘယ်လိုမျိုး စောင့်ကြည့် အရေးယူမယ် ဆိုတာမျိုးတွေ လိုအပ်တယ်။ ဝန်ကြီးအနေနဲ့ သူကိုင်တွယ်တဲ့ ဌာနနှစ်ခုကို ထဲထဲဝင်ဝင် ကိုင်တွယ်ဖို့ ဆိုတာ စိန်ခေါ်မှု ဖြစ်လာနိုင်တာပေါ့။ အကောင်းဆုံးကတော့ သူ့အောက်မှာ လုပ်နိုင်ကိုင်နိုင်ပြီး တာဝန်ယူ၊ တာဝန်ခံရဲတဲ့ ဒုဝန်ကြီး(ဒါမှမဟုတ်) အမြဲတမ်းအတွင်းဝန်တွေ ရှိမယ်ဆိုရင်တော့ လုပ်ဆောင်နိုင်မှာပါ။ ဦးစားပေး လုပ်စေချင်တာက သုံးခု လောက်ရှိတယ်။ နံပါတ်(၁)က Cyber Law ထွက်ဖို့ပေါ့။ နံပါတ် (၂)က ဆက်သွယ်ရေးအခွန်ကောက်တာကို လက်ခံတယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သုံးစွဲသူ ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် လုပ်ဆောင်ပေးသင့်တယ်။ ဒါမှပဲ First approch က ပြည်သူထောက်ခံတာဖြစ်မှာလေ။ Lawful interception ကို သေသေချာချာ ပြဋ္ဌာန်းဖို့လိုတယ်။ Cyber Security ဌာနကို နည်းပညာကို အခြေခံတဲ့ပုံစံမျိုး ဖြစ်စေချင်တယ်။ နောက်ဆုံးအချက်ကတော့ ဆက်သွယ်ရေးဥပဒေမှာ ပြင်သင့် ပြင်ထိုက်တဲ့ အချက်တွေ အများကြီးရှိတယ်။ အဲဒါတွေ ပြင်ရမယ်။ တစ်ဆက်တည်းမှာပဲ ဆိုက်ဘာလုံခြုံရေးအတွက်လည်း ဖွဲ့စည်းပုံအပြည့်နဲ့ သေသေချာချာပြန်ဖွဲ့ရမယ်။

o



www.burmeseclassic.com

www.burmeseclassic.com



## ဦးရဲမြတ်သူ
## မန်နေဂျင်းဒါရိုက်တာ
## (Alpha Computer Mandalay)



မြန်မာနိုင်ငံမှာ မိုဘိုင်းဆက်သွယ်ရေးက အဆင်ပြေနေတယ် ဆိုပေမယ့် Fixed လိုင်းတွေက အဆင်မပြေသေးဘူး။ အိမ်မှာရှိနေတဲ့ လိုင်းဖုန်းတွေက ကောင်းမွန်ဖို့ လိုအပ်တယ်။ လောလောဆယ်အခြေအနေက လစဉ်ကြေးသာ အမြဲတမ်းပေးနေရတာ၊ လိုင်းကတော့ စတ်ပြတ်နေတုန်းပဲ။ Red Link တို့ Fortune တို့ ပေးနေပေမယ့် သူတို့ကလည်း သူတို့ကိုပေးတဲ့ ပမာဏ အရမ်းနည်းလို့ပေါ့။ အဲဒီတော့ ဒါတွေကို ဘယ်သူက ချုပ်ကိုင်နေလဲ။ ဒါတွေဖြေရှင်းဖို့ လိုတာပေါ့။ Fixed လိုင်းတွေ မတက်ဘဲ e-Government ဖြစ်ဖြစ်၊ ကော်ပိုရေးရှင်းပဲဖြစ်ဖြစ် လုပ်လို့မရဘူး။ သက်သာတဲ့ ဈေးနှုန်းနဲ့၊ နိုင်ငံတကာစံမီတဲ့ဈေးနဲ့ အသုံးပြုနိုင်ဖို့ မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



ချက်ရှိတယ်။ မော်တော်ကားတွေအတွက် လမ်းတွေ လိုသလိုပဲ ဆက်သွယ်ရေးဝန်ဆောင်မှု လမ်းကြောင်းတွေ၊ Infrastructure တွေက လုံခြုံစိတ်ချရပြီး လျှင်မြန်ဖို့၊ အရည်အသွေးမြင့်ဖို့လိုတာ ပေါ့နော်။ အခုဆိုရင် လူတွေက Credit ကတ်တို့၊ ATM ကတ်တို့ သုံးရတာ အဆင်မပြေဘူး။ အဲဒါတွေကို ဖြေရှင်းဖို့ လိုအပ်နေ သေးတယ်။ IT Industry ဖွံ့ဖြိုးဖို့ကိစ္စမှာ လုပ်ငန်းတွေမှာ သုံး လာဖို့အတွက် အရေးကြီးတယ်။ နိုင်ငံတကာမှာလို Cloud တွေ လိုလာတယ်။ အဲဒါတွေအတွက် ဆောက်ချင်တဲ့သူတွေ ရှိတယ်။ ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေ ရှိတယ်။ ဒါပေမဲ့ ဆက်သွယ်ရေးနဲ့ သက်ဆိုင်တဲ့ နည်းဥပဒေတွေ တင်းတင်းကျပ်ကျပ် ထုတ်ထား ရမှာ။ လူတွေက အမြင်ပြောင်းသွားပြီ။ ရုံမှာ ဆာဗာခန်းလေး ထားတဲ့ခေတ် မဟုတ်ဘူး။ အကုန်လုံးက Cloud ပေါ်ရောက်တဲ့ ခေတ် ဖြစ်ကုန်ပြီ။ နည်းဥပဒေတွေမှာ ရှိနေတဲ့ ပေါ်လစီတွေက မြန်ဖို့လိုတယ်။ နိုင်ငံတကာမှာ ဒါတွေကို ဘယ်လိုကိုင်တွယ်သလဲ ဆိုတာ အတုယူနိုင်ဖို့ လိုတယ်။ အစိုးရရဲ့ Role က ဘယ်နေရာ မှာလဲဆိုတာ တိတိကျကျသိဖို့ လိုတယ်။ အဖွဲ့အစည်းတွေ အများ ကြီးဖွဲ့ပြီး အချိန်ကုန်နေရင် ဘာအလုပ်မှ ဖြစ်မှာမဟုတ်ဘူး။

•

စာကိုး - ၆-၄-၂၀၁၆

7 Day Daliy ဂျာနယ်

○



www.burmeseclassic.com

www.burmeseclassic.com



## သမ္မတကြီးကို အကြွင်းမဲ့ ယုံကြည်သူများ

ဦးစိုင်းဝမ်းလှိုင်းစမ်
ရှမ်းပြည်နယ် မဲဆန္ဒနယ်
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်



"ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မယ်ဆိုတဲ့ စကားနဲ့ ပေါ့နော်။ ပြည်သူတွေ လိုအပ်တဲ့နိုင်ငံနဲ့ ကိုက်ညီတဲ့ ဖွဲ့စည်းပုံ အသစ် ပေါ်လာရေးအတွက် အရေးပါလာပါတယ်။ ပြီးရင် နောက် တစ်ခုကတော့ ဖက်ဒရယ်ကိစ္စတွေကို ပြောပါတယ်။ ပြီးရင် ပြည်တွင်း ငြိမ်းချမ်းရေးကိစ္စတွေကို ပြောတဲ့အတွက် ကောင်းမွန် တဲ့မိန့်ခွန်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**ဦးသန်းစိုး**
**ရန်ကုန်တိုင်းဒေသကြီး**
**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**



သမ္မတကြီးက အတိုဆုံးမိန့်ခွန်း ပြောသွားတယ်ဆိုသော်ငြားလည်း အနှစ်သာရတွေက အဲဒီမှာ ပါပြီးသားပါ။ အနှစ်သာရလေးချက် ရှိတယ်။ ပြီးတော့ အရေးကြီးဆုံး အချက်တစ်ချက်လည်း သူပြောသွားပါတယ်။ ဒီမိုကရေစီစံနှုန်းနဲ့ ကိုက်ညီတဲ့ ၂၀၀၈ ဖွဲ့စည်းပုံကို ပြင်ဆင်သွားဖို့ ရှိပါတယ်။ ဒါတွေအားလုံးကို ခြုံပြီးတော့ အနှစ်သာရတွေ ပါပါတယ်။ ဥပမာ ဖက်ဒရယ်နှင့် ၂၀၀၈ နိုင်ငံသားတွေရဲ့ လူနေမှုအဆင့်အတန်း၊ နောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ဒါတွေကို အကုန်လုံးခြုံပြီး ပြောသွားတယ် ဆိုသော်ငြား လည်း အကုန်လုံး ပါပြီးသားဖြစ်တယ်။

၀




ပိုးရာဇဝင်စာအုပ်

www.burmeseclassic.com

www.burmeseclassic.com



## ဦးထွန်းမြင့်
## (ဗဟန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)



ပြည်သူလူထုက ရွေးချယ်လိုက်တဲ့ ပြည်သူ့သမ္မတကြီး ဦးထင်ကျော် အနေနဲ့ ပြည်သူလူထုကို ပထမဦးဆုံးပြောတဲ့ မိန့်ခွန်းတွေမှာ ကရုဏာတွေ၊ ကရုဏာသံတွေ ပါသွားတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူလူထုရဲ့လိုလားချက်တွေ အပေါ်မှာ ပြည်သူလူထုရဲ့ စားဝတ်နေရေးတွေ၊ အခြေခံလိုအပ်ချက်တွေ၊ ပြည်သူလူထုရဲ့ တကယ့်လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီအရေးတွေကို သူ့အနေနဲ့ ဖော်ဆောင်ပေးသွားမယ်။ နောက်ပြီးတော့ သူ့ကိုလည်း ဒီလွှတ်တော်ကြီး ဆီကာထက်

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူလူထုက ရွေးချယ်လိုက်တဲ့အတွက် ဦးလည်မသုန် ထမ်းဆောင်သွားမယ်လို့ သူ့မှာလည်း တာဝန်ကြီး ဖြစ်ပေါ်လာပြီ။ ဒီတာဝန်ကိုလည်း သူ့အနေနဲ့ ပထမဦးဆုံးမိန့်ခွန်းမှာ ကတိပေးသွားခဲ့တဲ့အတွက်ကြောင့် ပြည်သူ့သမ္မတကြီးကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ယောက် အနေနဲ့လည်း ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုပါတယ်။ ပြည်သူတွေအနေနဲ့လည်း ဂုဏ်ယူဝမ်းမြောက်စွာနဲ့ ကြိုဆိုနေမယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ သမ္မတကြီးအနေနဲ့ ပြည်သူ့ရဲ့အကျိုးစီးပွားကို ဦးလည်မသုန် ထမ်းဆောင်သွားမယ်လို့ အကြွင်းမဲ့ ယုံကြည်ပါတယ်။

○



နိုင်ငံတော်သမ္မတကြီးဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်အား သမ္မတကျမ်းသစ္စာမကျိန်ဆိုမီ တွေ့ရ
(ဓာတ်ပုံ- အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးသိန်းဆွေ - ဖျာပုံ)

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်းမိုး (ရှမ်းပြည်နယ် မန်တုံမြို့နယ်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်



သမ္မတကြီးက တိုတိုရှင်းရှင်းပဲ ပြောသွားခဲ့ပါတယ်။ ကျွန်မအနေနဲ့ကတော့ ကြိုက်ပါတယ်။ သိတယ် မဟုတ်လား။ တကယ်မဖြစ်နိုင်ဘဲနဲ့ ကာရံတွေဖွဲ့ပြီးမှ အများကြီးတွေ ပြောဆိုနေကြတာတွေကို ကျွန်မတို့ သဘောကျဘူး။ ပြောဆိုမှုတွေမှာ ပြည်သူတွေ တကယ်ပဲ လိုလားတောင့်တနေတဲ့ အကြောင်းအရာတွေကို လိုရင်းတိုရှင်းပေါ့။ ပြီးရင် အဓိကလိုအပ်တဲ့ အချက်တွေကိုလည်း ပြောပြသွားတော့ ဒီအစိုးရရဲ့ တကယ်ပဲ အကောင်အထည်ဖော်



www.burmeseclassic.com

www.burmeseclassic.com



မယ့် အကြောင်းအရာတွေကို ပြောပြသွားတာ ဖြစ်ပါတယ်လို့ ကျွန်မတို့ ထင်မြင်မိပါတယ်။

၀



NLD ပါတီဥက္ကဋ္ဌကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးထင်ကျော် တို့အား အာဏာလွှဲပြောင်းပေးအပ်သည့်အခမ်းအနားတွင်တွေ့ရစဉ်။

www.burmeseclassic.com

www.burmeseclassic.com



## ဦးနေမျိုး
## (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)



ကျွန်တော်တို့ မြန်မာ့သမိုင်းမှာရော ကမ္ဘာ့သမိုင်းမှာရော မှတ်တမ်းဝင်တဲ့ ရက်တစ်ရက် ဖြစ်ပါတယ်။ အရပ်သားစစ်စစ် သမ္မတကို ပြည်သူ့ကိုယ်စားလှယ်တွေက ရွေးချယ်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ထိုနည်းတူပဲ ရှေ့ဆက်လုပ်ရမယ့် အလုပ်တွေ ကျွန်တော်တို့ ပခုံးပေါ်မှာ အများကြီး ဖြစ်လာပြီဆိုတာ သိလိုက်ရပါတယ်။ ကျွန်တော်တို့ကို ပြည်သူတွေက တည့်မတ်ပေးကြပါဦး။ မနက်ဖြန်က စပြီးတော့ ပြည်သူတွေရဲ့ အဓိကလိုအပ်တဲ့ အချက်တွေ အဓိက, ကတော့ တရားဥပဒေ စိုးမိုးရေးပါ။

ဖုံးရာဇဝစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယကတော့ အကျင့်ပျက် ခြစားမှု တိုက်ဖျက်ရေးလုပ်ငန်းပါ။ တတိယကတော့ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်နိုင်ငံ ထူထောင်ရေးကို ကျွန်မတော်တို့ ကြိုးစားသွားရင် ကျန်တဲ့ဟာတွေကတော့ ကျွဲကူးရေပါ ပါလာမှာပါ။

○




ဗိုးရာဇာစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



ဦးနိုင်သီဟ
(မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)



ပြည်သူတွေကတော့ အများကြီး မျှော်လင့်ပါတယ်။ ပြည်သူတွေ မျှော်လင့်ထားသလို ဒီ NLD နိုင်ငံတော် သမ္မတကြီး ဦးထင်ကျော် ဦးဆောင်တဲ့ အဖွဲ့အစည်းကလည်း အများကြီးလုပ်ဆောင်ပေးနိုင်မယ်လို့ ထင်ပါတယ်။ နောက် သမ္မတကလည်း ဒီခေတ် ဒီအခြေအနေနဲ့ ကိုက်ညီမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို သူတို့ ဆက်လက်ပြင်ဆင်ပြီးတော့ လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်သွားဖို့ ပြောသွားတဲ့ အပေါ်မှာ ကျွန်တော်တို့ ထောက်ခံပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့ ပြည်တွင်းငြိမ်းချမ်းရေး ကိစ္စအတွက် သမ္မတကြီး ပြောသွားတဲ့ အပေါ်မှာလည်း ကျွန်တော်တို့ တိုင်းရင်းသားပါတီတွေအနေနဲ့ ဝမ်းမြောက်မိပါတယ်။

၀





www.burmeseclassic.com

www.burmeseclassic.com



## ရှီးသားအားထားမှု၊ အုပ်ချုပ်ရေးစနစ်နှင့် သမ္မတကြီးခေတ် ဖြစ်ပါစေ

(၁)

သမ္မတကြီး ဦးထင်ကျော် ဘဝအကြောင်း ပြုစုရန် ကြိုးစားနေစဉ် မိတ်ဆွေတစ်ဦးက... "အင်း... တို့နိုင်ငံမှာ သမ္မတတစ်ဦးတော့ တက်လာပြန်ပြီ၊ သူ့ကြည့်ရတာ ရိုးသားမှုရှိတာကတော့ ဥပမိရုပ်ကို ကြည့်ရုံနဲ့ သိသာတယ်၊ ပြည်သူ့အတွက် အားထားလောက်တဲ့သူပဲ၊ ဒါပေမဲ့..."ဟု ပြောပြီး စကားရပ်ကာ သက်ပြင်းရှိုက်သည်။

"ဟ... မောင်ရင်က ဘာလဲ၊ စကားကို အဆုံးမပြောဘဲ တစ်ဝက်တစ်ပျက်နဲ့ ဖြတ်ပြီး သက်ပြင်းချတာက ဘယ်လို အဓိပ္ပာယ်လဲ"

ဟု မေးတော့ သူက "စိတ်မကောင်းလို့ပါ"ဟု ပြောသည်။

"နေပါဦး... စိတ်မကောင်းရတဲ့ အကြောင်းရင်းကို လင်းပါဦး"

"လင်းရရင် တို့မြန်မာနိုင်ငံ ပြည်သူတွေနဲ့ ကံမကောင်းရင် နာမည်ပျက်မှာ စိုးလို့ပါ၊ မင်းလည်း ကြားဖူးပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒီအကြောင်းကို မင်းလည်း မြို့တော်မဂ္ဂဇင်းမှာ ဆောင်းပါးအဖြစ် ရေးခဲ့တယ်လေ၊ မင်းပင်ကောင်းလျက် မင်းမြှောင်ပျက် ဆိုတာလေ”

ဟု ပြောမှ သဘောပေါက်သွားသည်။ လယ်ပြင်ဆင်သွားသလို ထင်ရှားစွာ သိလိုက်သည်။

အခြားမှု မဟုတ်ပါ။

ကျွန်တော် ဒီအကြောင်းကို သည်စဉ်က မောင်ထွန်း မြို့တော်မဂ္ဂဇင်းမှာ ရှိစဉ်က ဆောင်းပါးရေးခဲ့သည်။ ခုနစ်၊ ဆောင်းပါးအမည်ကို မမှတ်မိတော့။

အကြောင်းအရာကတော့ မှတ်မိနေ၏။ အကြောင်းအရာက...

“ရေ”၊ “မင်း”၊ “ခိုးသူ”၊ “အမွေခံသားဆိုး”ဆိုသည့် ရန်သူမျိုး ငါးပါးမှ မင်းကို “ရန်သူ”အဖြစ်မှ ဖြုတ်ပယ်ခြင်း အကြောင်း။

အကြောင်းမှာ “မင်း”ဟူသည် ပြည်သူ့ဦးဆျောင်၊ အထွတ်အထိပ် ဖြစ်သော်လည်း ပြည်သူနှင့် အဝေးဆုံးသူ ဖြစ်ကြောင်း၊ ပြည်သူတို့အကြောင်း ကောင်းကောင်းမသိသူဖြစ်ကြောင်း၊ မင်းအပါး၌ ရှိသူတို့၏ ပြောကြားချက်အရသာ ပြည်သူ့ဘဝပဲ သိသူဖြစ်ကြောင်း၊ သို့ကြောင့် ပြည်သူနှင့် ပတ်သက်၍ ဆုံးဖြတ်လျှင် တင်ပြချက်အပေါ်မူတည်ကာ ဆုံးဖြတ်ရသည်ဖြစ်၍ တင်ပြချက် မှန်မှသာ မှန်နိုင်ပြီး တင်ပြချက်မှားလျှင် မှားနိုင်ကြောင်း။ ထို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မင်းကို ရန်သူမျိုးငါးပါးစာရင်းမှ ထုတ်ပယ်သင့်ကြောင်း ရေးသားခဲ့၏။

စင်စစ် မင်းဆိုသည်မှာ ပဒေသရာဇ်ခေတ်မှ အခေါ်အဝေါ် ဖြစ်ပြီး ယခုခေတ်တွင် ဝန်ကြီးချုပ်၊ သမ္မတတို့ ဖြစ်ပါသည်။

(၂)

ကျွန်တော် ထိုစဉ်က ဤဆောင်းပါး ရေးဖြစ်ခဲ့သည်မှာ ကျွန်တော့်ဖြတ်သန်းမှုနှင့်အတူ တွေ့မြင်ရသည့် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံ ပြည်သူတို့၏ လက်ရှိဘဝများကို သုံးသပ်မိသော ကြောင့် ဖြစ်ပါသည်။

ပြောရလျှင် ကျွန်တော်သည် ဆရာကြီးမင်းသုဝဏ်၏ "ပျဉ်းမငုတ်တိုကဗျာ"ကဲ့သို့ပင် "စစ်ကိုလည်းကြုံ၊ ချအုံလည်း ဖြစ်၊ ဓားထစ်လည်းခံ"ဆိုသကဲ့သို့ ခေတ်အတော်များများကို ကြုံ ခဲ့ပါသည်။

ထို့အတူ မြန်မာနိုင်ငံမှ အုပ်ချုပ်ရေးနှင့် မမှန်ကန်မှုများ ကိုလည်း တွေ့ခဲ့ရပါသည်။

ပါလီမန်ဒီမိုကရေစီခေတ်က ဗုဒ္ဓဘာသာဝင်တို့၏ အထွတ် အမြတ်ထားရာ ရွှေတိဂုံစေတီတော်အနီး သံပုံချိုင့်ဟု ခေါ်သည့် နေရာတွင် "အလီမူလာ"ဟု ခေါ်သည့် ဇိမ်မယ်၊ ဇိမ်ခန်းများ အပြည့်နှင့် ရပ်ကွက်တစ်ခု ရှိခဲ့၏။ အာဏာရပါတီကြီး၏ အမာ



www.burmeseclassic.com

www.burmeseclassic.com



ခံနယ်မြေဖြစ်ကြောင်း "၅၈"ခုနှစ် အိမ်စောင့်အစိုးရတက်ပြီး ဖျက်မှ အများက သိရပါသည်။

ထို့အတူ ၁၉၆၂ ခုနှစ် တော်လှန်ရေးအစိုးရ တက်ပြီး တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းမှ ၁၉၆၄ ခုနှစ်၌ ပြည်သူ့ပိုင်သိမ်းပါသည်။

ပြည်သူ့ပိုင်သိမ်းရခြင်း ရည်ရွယ်ချက်မှာ "နှ–အွက်တလီ စာချုပ်ပါ ဗြိတိသျှအရင်းရှင် မနေရှင်တို့၏ အမျိုးစီးပွားမှန်သမျှအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံမှ ကာကွယ်စောင့်ရှောက်ပေးရန်" ဟူသည့် အချက်နှင့်အတူ နိုင်ငံပိုင်လုပ်ငန်းများအား ပြည်သူမှ ပြန်ပိုင်ဆိုင်ရန်အတွက် ဖြစ်သည်။

ပြည်သူ့ပိုင် မသိမ်းမီက ရေနံမြေကို ဗြိတိသျှပိုင်သည်။ သစ်တောကို ဘုံဘေဘားမား သစ်ကုမ္ပဏီက ပိုင်သည်။ ရန်ကုန်ရှိ အထည်အလိပ် ကုန်ပစ္စည်းများအား "ရိုးလ်ကုမ္ပဏီ"က ချုပ်ကိုင်ထားသည်။

ပြည်သူ့ပိုင် မသိမ်းမီ၊ ပြည်သူ့ပိုင်သိမ်းလျှင် ဖြစ်နိုင်သည့်၊ ဖြစ်လာမည့် အကျိုးအပြစ်တို့အား ရှေ့ရှားပညာရှင်နှင့် ဆွေးနွေးခဲ့ရာ ပြည်သူ့ပိုင်သိမ်းခြင်းသည် အန္တရာယ်ကြီးကြောင်း၊ ပြည်သူ့ပိုင်သိမ်းရာတွင် တိုင်းရင်းသား လုပ်ငန်းရှင်များ မပါစေရန် ထိန်းသိမ်းရမည်ဖြစ်ကြောင်း သတိပေးစကား ပြောခဲ့၏။

ပြည်သူ့ပိုင်သိမ်းခြင်းနှင့် ပတ်သက်၍ တာဝန်ခံမှာ ဆိုရှယ်နီပါတီမှ ဦးဘငြိမ်နှင့် သခင်တင်မြက တာဝန်ယူရပါသည်။ ခေါင်းဆောင်မှာ ဦးဘငြိမ် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ့ပိုင် သိမ်းရာတွင် တိုင်းရင်းသား လုပ်ငန်းရှင် အရင်းရှင်များ မပါဝင်စေရန် လမ်းညွှန်ခဲ့သော်လည်း ဦးဘငြိမ် သည် လမ်းညွှန်ချက်အတိုင်း မလုပ်ခဲ့ကြောင်း၊ စစ်သားဆိုတဲ့ ကောင်တွေ ဘာမှသိတာ မဟုတ်ဘူး၊ အကုန်သာသိမ်းဟု စေ ခိုင်းခဲ့သဖြင့် လုပ်ငန်းမှန်သမျှ အကုန်သိမ်းခဲ့ရာ မဖြစ်သင့်သည် များ ဖြစ်ခဲ့သလို ဗိုလ်ချုပ်ကြီးနေဝင်းလည်း အပြောခံ ဖြစ်ခဲ့ရ သည်။

မှတ်ချက်။

ဤအကြောင်းအား သခင်တင်မြ ကွယ်လွန်ကာနီး အင် တာဗျူးတစ်ခုတွင် ပြန်ပြောမှ သိရပါသည်။ သင်ခန်းစာ ယူစရာပင်။

(စာရေးသူ)

ထို့အတူ လမ်းစဉ်ပါတီခေတ်တွင်လည်း အောက်ခြေမှ ဖုံးကွယ်ခြင်းများပြုသည့် သာဓကများ ရှိခဲ့ပါသည်။

ပြောရလျှင် လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ် မှ လမ်းစဉ်ပါတီခေတ်၊ နဝတ၊ နအဖခေတ်၊ သမ္မတဦးသိန်းစိန် ၏ အရပ်သားအစိုးရခေတ်အထိ အောက်ခြေမှ ရိုးသားမှု၊ အလေး ထားမှု အဓိကထားသည့် အုပ်ချုပ်ရေးစနစ်သည် မရှိခဲ့သေးပေ။

မြို့ယုဂ်အခြေပြု၊ စာရင်းလိမ် တင်ပြသည့် စနစ်သည်သာ ရှင်သန်ခဲ့သည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

ယခု ပြောင်းလဲချိန်တန်ပြီ ဟူသော ကြွေးကြော်ချက်နှင့် ပြောင်းလဲခဲ့ပြီဆိုလျှင် ပန်ကာအောက်မှ ကမ္ဘာလှည့်သည့်စနစ်ကို ရှောင်ရမည်။ အဆင့်ဆင့် တင်ပြမှု ကိန်းဂဏန်းများနှင့် ရှောင့်ရဲ နေရန် မသင့်။

ပြည်သစ်တည် နိုင်ငံသစ် တည်ဆောက်နိုင်ရန်အတွက် အမိန့်ပေးစေခိုင်းသည့် စနစ်ကို ရှောင်ရမည်။ ရိုးသားအားထား ရသည့် ကြားခံလူ လိုသည်။

ကိုယ်တိုင် စီမံခန့်ခွဲနိုင်စွမ်းရှိပြီး မှန်ကန်သော ကြားခံလူ ရှာတတ်ရန် လိုသည်။ အမှန်တကယ် ရိုးသားမှု၊ အမှန်တကယ် အားထားမှု ယုံကြည်မှု လိုသည်။

သို့မဟုတ်လျှင်ကား "မင်းပင် ကောင်းလျက် မင်းမြှောင် ဖျက်" ဆိုသည့် စကားနှယ်၊ မင်းမြှောင်ဖျက်၍ မင်းပျက်နိုင်သည် ကို သတိချပ်ရမည် ဖြစ်သတည်း။

○



www.burmeseclassic.com

www.burmeseclassic.com



## သမ္မတ
## အစိုးရသစ်နှင့် ပြည်နယ်များ

(၁)

ရခိုင်ပြည်နယ်သည် ယခင်အစိုးရ လက်ထက်ကလည်း တည်ငြိမ်မှုနည်းပြီး မနည်းကျားကန်ရသည့် ပြည်နယ်ဖြစ်သည်။

ရခိုင်ပြည်နယ်၌ လူမျိုးရေး ပဋိပက္ခသည် ကြီးမားခဲ့၏။ လူမျိုးရေး၊ ဘာသာရေး၊ ပဋိပက္ခကြောင့် နိုင်ငံတကာက စောင့်ကြည့်ရသည့် အခြေအနေ ရှိခဲ့သည်။

ရခိုင်ပြည်နယ်အကြောင်းကို လေ့လာလျှင် သမိုင်းနှင့်ချီ၍ ပြဿနာ ရှိခဲ့သည်။ ပါလီမန် ဒီမိုကရေစီခေတ်က မိမိပါတီ အာဏာတည်မြဲရေး အကြောင်းပြု၍ မမှန်မကန် လုပ်ခဲ့မှုများ ရှိနေသဖြင့် လူမျိုးရေးစိတ်ဓာတ် ပြင်းပြခဲ့သည်။

ရခိုင်နှင့် ဘင်္ဂါလီ ပဋိပက္ခကြောင့် ဖွံ့ဖြိုးမှု အားနည်းခဲ့သည်။ ရခိုင်ပြည်နယ်၌ မရှိသည့် မရှိခဲ့သည့် ရိုဟင်ဂျာပြဿနာ ကလည်း ရှိသေး၏။

နိုင်ငံတကာ သတင်းသမားတချို့က မမှန်မကန် မီးလောင်ရာ လေပင့်ခဲ့သဖြင့် ပဋိပက္ခ ပိုပြင်းထန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံက မရှိပါဟု ဆိုခဲ့သည့် ရိုဟင်ဂျာအား အဘယ်ကြောင့် နိုင်ငံတကာက ရှိသည်ဟု ပြောနေကြသနည်း။

ထားတော့။ ဘေးက ဝင်ရှုပ်တော့ ပြဿနာက ပိုကြီးခဲ့သည်။ ပဋိပက္ခက အထွတ်အထိပ်သို့ ရောက်ခဲ့သည်။

ပါတီ၄ စနစ်၏ အစဉ်အလာအတိုင်း ငါးနှစ်သက်တမ်းပြည့်တော့ ရွေးကောက်ပွဲ အနိုင်ရသည့်ပါတီက တက်လာသည်။

ယခု ဒီမိုကရေစီအစိုးရ နိုင်ငံတော်အာဏာ ရယူခဲ့ပြီ။ လူမျိုးရေး ပဋိပက္ခရှိသည့် ရခိုင်ပြည်နယ်သည် ထိလွယ်ရှလွယ်ဒေသဖြစ်သကဲ့သို့ ရွေးကောက်ပွဲပြီးစက အာဏာရပါတီ ဒီချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ရခိုင်ဒေသမှ အနိုင်ရသည့်ပါတီတို့ အဆင်ပြေသလိုလို ကြားရသဖြင့် ဝမ်းသာရ၏။

သို့သော် ထုံးစံအတိုင်း ပြည်နယ်ဝန်ကြီးချုပ်အား ရခိုင်ဒေသမှ အနိုင်ရပါတီမှ ပုဂ္ဂိုလ်မဟုတ်ဘဲ၊ ဒီချုပ်ပါတီမှ ဦးညီပုအား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်တော့ ပြဿနာမီးထတောက်ခဲ့သည်။ ရခိုင်ပြည်နယ်တွင် မဲအများဆုံးနိုင်သည့် ရခိုင်ပါတီက ပူပေါင်းမည်မဟုတ်၊ အဝိုက်အခံအဖြစ် ရပ်တည်မည်ဟု ကြေညာသည်အထိ ရှိခဲ့သည်။

ဝန်ကြီးချုပ်သစ် ဦးဆောင်သော ရခိုင်ဒေသ အစိုးရအဖွဲ့က စိန်ခေါ်မှုတွေနှင့် ရင်ဆိုင်ရတော့မည်။ စိန်ခေါ်မှုတွေက စောင့်ကြိုနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်... ရခိုင်ပြည်နယ်လွှတ်တော်၌ ရခိုင်နှုန်း ၅၁ ခန့် သိမ်းပိုက်ထားသည့် ဒေသတွင် အင်အားကြီး ရခိုင်အမျိုးသားပါတီ (ANP)နှင့် ဒီချုပ်အကြား ဖြစ်ပွားခဲ့သည့် ဆက်ဆံရေး အထစ်အငေါ့များကြောင့်လည်း ရခိုင်ဒေသ အခြေအနေက စောင့်ကြည့်ရမည့် အခြေအနေ ဖြစ်နေ၏။

စိတ်ဝင်စားစရာလည်း ကောင်းနေ၏။

မှန်သည်။ ရခိုင်အမျိုးသားအင်အားစုများနှင့် စောင့်ကြည့်လေ့လာသူများက...

"အစိုးရသစ် အနေနှင့် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများတွင် ဖွံ့ဖြိုးတိုးတက်ရေး၊ လက်နက်ကိုင် ပဋိပက္ခများ၊ ဘင်္ဂါလီ အရေးနှင့် သယံဇာတဆိုင်ရာ ကိစ္စရပ်များက ထိပ်ဆုံးမှ ပါဝင်နေသည်"

ဟု သုံးသပ် မှတ်ချက်ပြုသည်။

ယခင်အစိုးရ လက်ထက်က ထုတ်ပြန်ခဲ့သည့် စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာ၌...

"ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ဒေသခံများ၏ တစ်လ ပျမ်းမျှဝင်ငွေသည် ကျပ်လေးထောင်ကျော်သာရှိကြောင်း ဖော်ပြထားခဲ့သည်"

စင်စစ်၊ ရခိုင်ပြည်နယ်သည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ မြေဩဇာ ကောင်းမွန်သော စိုက်ပျိုးမြေ နည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ရေး ခက်ခဲခြင်း၊ ခေတ်မီနည်းပညာ အသုံးပြုမှု၊ စက်မှုလက်မှုလုပ်ငန်းနှင့် ဈေးငွေအရင်းအနှီး နည်းပါးခြင်း၊ လူ့စွမ်းအားအရင်းအမြစ် မလုံလောက်ခြင်းတို့ကြောင့် ဒေသစီးပွားရေး နိမ့်ကျနေကြောင်း ကော်မရှင်က ဆိုခဲ့၏။

(၂)

ရခိုင်ပြည်နယ်၏ အဓိကလုပ်ငန်းတစ်ခု ဖြစ်သည့် ရေလုပ်ငန်းတွင်လည်း ဒေသတည်ငြိမ်မှု နည်းခြင်းကြောင့် အခက်အခဲရှိနေကြောင်း သုံးသပ်ထား၏။ ဒေသတည်ငြိမ်အေးချမ်းမှုနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းလာဖို့ပဲ”ဟု ရခိုင်အရေးလေ့လာသူတစ်ဦးက ဆိုသည်။

ထို့အပြင် ယခင်အစိုးရလက်ထက်က စတင်ဖြစ်ပွားခဲ့သောလက်နက်ကိုင် ပဋိပက္ခများနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်အစိုးရသစ်က ကိုင်တွယ်ဆောင်ရွက်ရမည် ဖြစ်၏။

ကချင်ပြည်နယ် အခြေစိုက် ရက္ခိုင်တပ်မတော်(AA)နှင့် အစိုးရတပ်မတော်တို့ ၂၀၁၄ ခုနှစ်အတွင်းမှစ၍ ရခိုင်နှင့် ချင်းပြည်နယ် ဆက်စပ်ဒေသများ၌ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

AA နှင့် ပတ်သက်မှုဖြင့် မတရားအသင်း ဆက်သွယ်မှုအက်ဥပဒေအရ ဖမ်းဆီးထောင်ချမှုများလည်း ဒေသအတွင်း မြင့်တက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



လေ့လာသူများကမူ AA အရေးသည် ပြည်ထောင်စုအစိုးရ၏ မူဝါဒများ ကိုင်တွယ်ဆောင်ရွက်ပုံများနှင့် သက်ဆိုင်ကြောင်း သုံးသပ်ပြသည်။

ရခိုင်ပြည်နယ် အစိုးရသစ်၏ အဓိက ရင်ဆိုင်ရမည့် စိန်ခေါ်မှု တစ်ခုမှာ ဘင်္ဂါလီပြဿနာ ဖြစ်သည်။

သမ္မတဟောင်း ဦးသိန်းစိန် လက်ထက်၌ ဖြစ်ပွားခဲ့သည့် ဖြေရှင်းနိုင်ခြင်း မရှိဘဲ ကျန်ရစ်ခဲ့သော ယင်းပြဿနာမှာ ဒေသအရေး နိုင်ငံရေးထက် ကျော်လွန်နေကြောင်း သုံးသပ်၏။

(၃)

"ဘင်္ဂါလီအရေးနှင့် ပတ်သက်ပြီး နိုင်ငံတကာက ဖိအားပေးလာမည့်ကိစ္စ ဖြစ်ပေမယ့် ဒီကိစ္စက ထိထိရောက်ရောက် ကိုင်တွယ်ရမယ့် ပြဿနာ ဖြစ်တယ်၊ ကိုင်တွယ်ဖို့ လိုတယ်"

ဟု ရခိုင်အမျိုးသားကွန်ဂရက် ဥက္ကဋ္ဌ ဦးတင်ထူးအောင်က ပြောသည်။

အမှန်ကိုဆိုသော် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုဦးစွာ ဆောင်ရွက်ရန် ကိစ္စမှာ ပြည်နယ်လွှတ်တော်တွင် ၁၃ နေရာ အနိုင်ရရှိထားသည့် ရခိုင်အမျိုးသားပါတီ(ANP)နှင့် ဆက်ဆံရေးဖြစ်ကြောင်း သုံးသပ်မှုများလည်း ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြည်နယ်အစိုးရအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းခွင့် မရသည့်အတွက် အဝိုက်အခံပါတီအဖြစ် ရပ်တည်မည်ဟု ကြွေးကြော်ထားသည်။ ANP အနေနှင့် ပါတီအကျိုးထက် ပြည်သူ့အကျိုးကို ဦးစားပေးသင့်သည်ဟု လေ့လာသူတစ်ဦးက ဆိုသည်။

အချို့ကလည်း ဒီချုပ်ဘက်က ပြည်သူ့အကျိုးအတွက် တစ်ပတ်လျှော့သင့်တယ်ဟု ပြောဆိုသံတွေလည်း ကြားရသည်။

မည်သို့ဆိုစေ၊ ရခိုင်ပြည်နယ် လွှတ်တော်တွင် ANP က ၂၃ နေရာ၊ ဒီချုပ်က တိုင်းရင်းသားရေးရာ အပါအဝင် (၉)နေရာ ရရှိထားသည်။

"ဒေသတွင် အင်အားကောင်းတဲ့ ANP နဲ့ တစ်နိုင်ငံကို အပြတ်အသတ် အနိုင်ရရှိထားတဲ့ ပါတီတို့ ညှိနှိုင်းပြီး ထိလွယ်၊ ရှလွယ် ပြည်နယ်ကို ဘယ်လိုကိုင်တွယ်မလဲ စဉ်းစားသင့်တယ်"

ဟု ရခိုင်အရေး တက်ကြွသူတစ်ဦးက ဆိုသည်။

လက်ရှိအချိန်အထိမူ ဒီချုပ် ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်အစိုးရ ဝန်ကြီးအဖြစ် ယခင် နယ်လုံဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး အဖြစ် ဒီချုပ်က ဦးဖုန်းဆွေကို အဆိုပြုထား၏။

အကဲဆတ်လွန်းသည့် ရခိုင်ဒေသ၏ စိန်ခေါ်မှုများကို အောင်မြင်စွာ ကျော်လွှားနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ် အနေနှင့်



www.burmeseclassic.com

www.burmeseclassic.com



အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ဒေသခံတို့က အကြံပြုကြ၏။

"အကဲဆတ်ပြည်နယ်ဖြစ်လို့ ဝန်ကြီးချုပ်ဟောင်းတွေက လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့လို့ မပြောလောက်ဘူးဆိုပေမယ့် တိုးတက်သင့်သလောက် တိုးတက်ခဲ့တယ်"

ဟု စစ်တွေဒေသခံ ဦးဆန်းသွန်းက သုံးသပ်၏။

သို့အပြင် ပြည်နယ်အစိုးရသစ် အနေနှင့် ယခင်က ပွင့်လင်းမြင်သာမှု နည်းခဲ့သည့် သယံဇာတဆိုင်ရာ ကိစ္စရပ်တွေကို ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်း ရရှိရန် ဥပဒေဘောင်တွင်းမှ ဆောင်ရွက်နိုင်ပါမှ ထောက်ခံမှု ရရှိနိုင်လိမ့်မည်ဟု သုံးသပ်အကြံပြုကြ၏။

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဦးဆောင်သည့် အစိုးရအနေနှင့် ထိလွယ်ရှလွယ်ရှိသည့် အနောက်ဘက်တံခါးဒေသအား မည်သို့ ကိုင်တွယ်ဆောင်ရွက်ရမည်ကို စီစဉ်ဆောင်ရွက်သင့်ပြီ။

ပြည်သူများကလည်း စောင့်ကြည့်နေကြသည်ကို သိနားလည်ထားရမည်။

○



www.burmeseclassic.com

www.burmeseclassic.com



## ခွပ်ဒေါင်းခေတ်ဆိုရင်

ခမ်းနားတဲ့ လွှတ်တော်အစည်းအဝေးခန်းမကြီးရဲ့ အဝင်အဝ လှေကားထစ်တွေမှာ…

"ပြည်သူ့အစိုးရစစ်စစ် သမ္မတဦးထင်ကျော်ကို ကြိုဆိုပါတယ်"

ဆိုတဲ့ ဗီနိုင်းတွေကိုင်ပြီး ပင်နီဝတ် လူငယ်တစ်စု လက်တွေကို မြှောက်တန်းပြီး ရွှင်လန်းမှုအပြည့်နဲ့ ခေတ်ပုံတွေရိုက်ကူးနေကြသည့်နေ့က သမ္မတဦးထင်ကျော် ကျမ်းသစ္စာကျိန်ဆိုပြီး သမ္မတအာဏာ လွှဲပြောင်းတဲ့နေ့ ဖြစ်တယ်။

ယခင်အစိုးရခေတ်က ဒီလိုမဟုတ်ဘူးလို့ ဆိုကြတယ်။ တကယ်တော့ ဒါဟာ မဆန်းပါဘူး။ ပါတီစုံခေတ်မှာ အနိုင်ရပါတီက ဒီလိုဖြစ်ခဲ့တာချည်းပါပဲ။

တကယ်ပြောရရင် ဒီလိုမဖြစ်သင့်ဘူး၊ သွေးကွဲစေတဲ့၊ သွေးကွဲနိုင်တဲ့ စကားမျိုး ရှောင်ရမယ်။

ပြီးတော့ စကားဆိုတဲ့ နေရာမှာ မှန်တိုင်းပြောလို့ မရတဲ့ စကားလည်းရှိတယ်။ ပြောသင့်တဲ့ စကားများ၊ အကျိုးဖြစ်စေမယ့် စကားမျိုးကိုသာ ပြောသင့်တယ်လို့ ဗုဒ္ဓက မိန့်ဆိုခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သွေးကွဲစေတဲ့ စကားမျိုး တစ်ဦးကိုတစ်ဦး စိတ်ကသိကအောက် ဖြစ်စေတဲ့ စကားမျိုး ပြောရင် ငရဲကြီးပါတယ်။

ပြောရရင် အရပ်သား စစ်သားဆိုတာက ပညတ်ချက်ပါ။ အရေးကြီးတာက ဒီလူ နိုင်ငံအတွက်၊ လူမျိုးအတွက် ဘယ်လောက် အလုပ်လုပ်ခဲ့တယ်၊ လုပ်နေတယ်ဆိုတာက အဓိကကျပါတယ်။

○

"ဒေါ်အောင်ဆန်းစုကြည်က လုပ်နိုင်တယ်၊ ဒေါ်အောင်ဆန်းစုကြည်လုပ်ရင် ဘာမဆိုဖြစ်တယ်၊ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတကာက ကူညီမှာ"တဲ့။

ဒီစကားတွေက ပျံ့နေတယ်။ လူ့ဘဝမှာ အရာရာ ပြည့်စုံသူဆိုတာ မရှိဘူး။ ဒေါ်အောင်ဆန်းစုကြည်က ပညာရှိတယ်။ နိုင်ငံတကာနဲ့ အဆင်ပြေတယ်။ ဒါကို ကျွန်တော်တို့လည်းသိပါတယ်။

ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်က ရှေ့က ဘယ်လောက်လုပ်လုပ်၊ နောက်က ဒေါ်အောင်ဆန်းစုကြည်လို မရိုးဖြောင့်ဘူး၊ ဟီးလေးခိုသမားတွေပဲ ရှိနေခဲ့ရင် ဘယ်လိုအောင်မြင်နိုင်မလဲ။

ဗိုလ်ချုပ်က စကားတစ်ခု ပြောခဲ့ဖူးတယ်။

"နိုင်ငံတကာက ကူညီတယ်ဆိုတာက အပေးအယူနဲ့ကူညီတာချည်းပဲ၊ တစ်ခုခုယူခဲ့ရင် တစ်ခုခု ပြန်ပေးရတာချည်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ အဓိက,က မြန်မာပြည် တိုးတက်ချင်ရင် တိုင်းရင်းသားတွေ ညီညွတ်ရမယ်၊ မခိုမကပ် ကုန်းရုန်းအလုပ်လုပ်ရမယ်”

ဒါဟာ အမှန်တရားပဲ။ ပြီးတော့ ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ဖို့ချည်း ပြောနေတယ်။ ဒေါ်အောင်ဆန်းစုကြည်က သမ္မတမဖြစ်လည်း လုပ်နိုင်တဲ့နေရာ ဝင်လုပ်နေပြီ။

ဒေါ်အောင်ဆန်းစုကြည် ရည်ရွယ်ချက်က နိုင်ငံတော် ခေတ်မီတိုးတက်ဖွံ့ဖြိုးဖို့ပဲ။ ဘာသာတရားနဲ့ကြည့်ရင် ဖြစ်ချိန်တန်မှ ဖြစ်တာ၊ ဒါကို ဒေါ်အောင်ဆန်းစုကြည် သိပါတယ်။ အရေးကြီးတာ မိမိရှိုးသားဖို့၊ နိုင်ငံနဲ့ လူမျိုးအပေါ် စေတနာမှန်ဖို့ပါ။

BURMESE CLASSIC

၀

ဒီကနေ့ အခြေအနေကိုကြည့်ရင် သမ္မတကြီး ဦးထင်ကျော်ရော၊ ဒေါ်အောင်ဆန်းစုကြည်ပါ ဦးတည်ချက် တစ်ခုနဲ့ သွားနေကြတယ်။

သူတို့ရင်ထဲမှာ ရှိနေတာက နိုင်ငံနဲ့လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးပါ။

ဒီအတွက် စိတ်ကောင်းစေတနာကောင်းနဲ့ အလုပ်လုပ်ဖို့ ခြေလှမ်းပြင်နေကြတယ်။

ဖိုးရာ၁၈၁၈အုပ်

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ တချို့က အဓိကနဲ့ သာမည ကွဲပြားမှုမရှိကြဘူး။

အနှောင့်အသွား မလွတ်တဲ့ စကားတွေ ပြောနေကြတယ်။ စစ်သား၊ အရပ်သား ဘာကွာခြားသလဲ။ ကွာခြားတာက စေတနာ မေတ္တာပဲ။

ဗိုလ်ချုပ်အောင်ဆန်းဟာ စစ်သားပဲ။ ဒါပေမဲ့ ဗိုလ်ချုပ်ဟာ စိတ်ကောင်း စေတနာကောင်း ရှိတယ်။ ရိုးဖြောင့်တည်ကြည်တယ်။

ဒီကနေ့ မြန်မာ့သမိုင်းကို ပြန်ကြည့်ရင် စစ်သားမကောင်းတာရှိသလို အရပ်သား မကောင်းတာလည်း အများကြီး။ ဘာဖြစ်လို့လဲဆိုရင် စစ်သားရော အရပ်သားရော လူတွေဖြစ်နေလို့ပဲ။

လူဆိုတော့ လူပီပီ မှားရင်မှားမယ်၊ မှန်ရင် မှန်မယ်။ အဓိက,က မှားတာ၊ မှန်တာ မဟုတ်။ မှားတိုင်း အပြစ်မရှိဘူး။

မှားတာကို မပြင်ဘဲ ဆက်မှားနေရင် အပြစ်ရှိတယ်။

မှားတာကို မှားမှန်းသိပြီးပြင်ရင် လူကောင်းပဲ။

ပြီးတော့ တစ်ဦးကိုတစ်ဦး အပြစ်နဲ့မကြည့်ဘဲ အဆိုးမြင်ဝါဒနဲ့ မကြည့်ဘဲ...

နားလည်ခွင့်လွှတ်ခြင်းနဲ့ ကြည့်သင့်တယ်။

ဒီမိုကရေစီမှာ မတူညီတာတွေ ဘေးဖယ်ပြီး တူညီမှုတွေကို ညှိနှိုင်းပြီး နိုင်ငံ့အနာဂတ် ထွန်းညှိဖို့ အဓိကကျတယ်။

ခွပ်ဒေါင်းတွေ ထာဝရ ခွပ်ဒေါင်းခေတ် ထူထောင်ချင်တယ်ဆိုရင်...



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်မှုစိုရိုတရားနဲ့ မုဒိတာတရားကို နှလုံးသွင်းပြီး၊ အတ္တ၊ မာန်မာနနဲ့ သန္တာကို ချုပ်တည်းနိုင်မယ် ဆိုရင် ...။

၁–၄–၂၀၁၆
မော်ဒန်အက်ဂျာနယ်

နေစိုးထက်

www.burmeseclassic.com